# ပိဋကသုံးပုံ ပါဠိတော် မြန်မာပြန်

## စာမေးပွဲ မေးခွန်းနှင့်စံပြအဖြေများ



🌻📖အုပ်စု(၁).ဝိနည်း ငါးကျမ်း📖

☸💐 ၅။ပရိဝါ ဘာသာ 💐☸

✍စာချကထိက-အရှင်သီလဝံသာလင်္ကာရ(ရေစကြို) စုစည်းပူဇော်သည်✍

ဗဟန်း.မဟာဝိသုဒ္ဓါရုံပါဠိတက္ကသိုလ်

ဒေါက်တာခင်ရီ
ပရိယတ္တိဖောင်ဒေးရှင်း

ဓမ္မစေတမန်

ရန်ကုန်တိုင်းဒေသကြီး
ဓမ္မစေတမန်အဖွဲ့မှ ကြီးမှူးကျင်းပသော
ပိဋကသုံးပုံ ပါဠိတော်မြန်မာပြန် စာမေးပွဲ

## အုပ်စု (၁) ဝိနယပိဋက

## ပရိဝါ ပါဠိတော် မြန်မာပြန် မေးခွန်း

၁၃၇၅-ခုနှစ်၊ နယုန်လဆန်း (၁၄) ရက်၊ (၂၂. ၆. ၂၀၁၃) စနေနေ့
ခွင့်ပြုချိန်။ ။၄- နာရီ။ (မွန်းလွဲ ၁း၀၀ နာရီမှ ညနေ ၅း၀၀ နာရီအထိ)

•••••••••••••••••••••••••••••••••••

၁။ ပါရာဇိကသိက္ခာပုဒ် ၄-ပုဒ်တို့တွင် အလယ် ၂-ပုဒ်တို့၏ ပညတ်ရာ အရပ်၊ ပုဂ္ဂိုလ်၊ အကြောင်း တို့ကို ဖြေဆိုပါ။

၂။ ပထမပါရာဇိက၊ ဒုတိယပါရာဇိကတို့ကို ကျူးလွန်သော ရဟန်းတို့ မည်သည့်အာပတ်သို့ သင့်ရောက်သည်ကို သင့်ပုံနှင့် တကွ ဖော်ပြပါ။

၃။ ပဒသောဓမ္မသမုဋ္ဌာန်၊ အဒ္ဓါနသမုဋ္ဌာန်တို့၌ပါသော သိက္ခာပုဒ်တို့ကို ကြိုက်နှစ်သက်ရာ ၅-ပုဒ်စီ ရေတွက်ပြခဲ့ပါ။

၄။ အန္တရပေယျာလလာ အာပတ္တာဓိကရဏ်းဟူသော အကြောင်းကြောင့် အဘယ်မျှလောက်သော အာပတ်တို့ သင့်ရောက်ကုန်သနည်း ဖြေဆိုခဲ့ပါ။

၅။ ဖုံးလွှမ်းထားလျှင် တင့်တယ်သောအရာနှင့် ဖုံးလွှမ်းထားလျှင် မတင့်တယ်သော အရာတို့ကို ဖော်ပြခဲ့ပါ။

၆။ တံမြက်စည်းလှည်းရကျိုး ရှေ့ ၅-မျိုးနှင့် လောက၌ ကောင်းမှုဟု သမုတ်အပ်ကုန်သော်လည်း ကောင်းမှု မဟုတ်ကုန်သော အလှူတို့ကိုလည်း ရေတွက်ပြခဲ့ပါ။

၇။ မျိုးစေ့ ၅-ပါးကို ရေတွက်ပြ၍၊ ဝိနည်းမှိုရ်ပုဂ္ဂိုလ်၌ အကျိုးအာနိသင် ၅-ပါးကိုလည်း ရေတွက်ပြခဲ့ပါ။

၈။ ဥပုသ်ကံ၊ ပဝါရဏာကံ၊ တဇ္ဇနီယကံတို့၏ အစ အလယ် အဆုံးတို့ကို ဖော်ပြပါ။

၉။ ကထိန်ခင်းအပ်သော ပုဂ္ဂိုလ်နှင့် မခင်းအပ်သော ပုဂ္ဂိုလ်တို့ကို ရေတွက်ပြ၍၊ ကထိန်ခင်းသည်နှင့် တပြိုင်နက် ဖြစ်ပေါ်လာသော တရားများကိုလည်း ဖော်ပြခဲ့ပါ။

၁၀။ မလျော်သော အကပ်ခံခြင်း ၅-ပါးနှင့် ဥပါလိပဥ္စက မုသာဝါဒဝဂ်လာ ရန်သူမျိုး ၅-ပါးတို့ကို ရေတွက်ပြခဲ့ပါ။

တစ်ပုဒ်လျှင် (၁၀)မှတ်စီ

ရန်ကုန်တိုင်းဒေသကြီး
ဓမ္မစေတမန်အဖွဲ့မှ ကြီးမှူးကျင်းပသော
ပိဋကသုံးပုံ ပါဠိတော်မြန်မာပြန် စာမေးပွဲ
**အုပ်စု (၁) ဝိနယပိဋက**
**ပရိဝါ ပါဠိတော် မြန်မာပြန် အဖြေမှန်**

ဒေါက်တာခင်ခင်ရီ
ပရိယတ္တိဖောင်ဒေးရှင်း

ဓမ္မစေတမန်

၁၃၇၅-ခုနှစ်၊ နယုန်လဆန်း (၁၄) ရက်၊ (၂၂. ၆. ၂၀၁၃) စနေနေ့
ခွင့်ပြုချိန်။ ။၄- နာရီ။ (မွန်းလွဲ ၁း၀၀ နာရီမှ ညနေ ၅း၀၀ နာရီအထိ)

•••••••••••••••••••••••••••••••••••

၁။ ဒုတိယပါရာဇိက သိက္ခာပုဒ်၏

ပညတ်ရာအရပ် - ရာဇဂြိုဟ်ပြည် (၁-မှတ်)
ပုဂ္ဂိုလ် - အိုးထိန်းသည်၏သား အရှင်ဓနိယ (၁-မှတ်)
အကြောင်း - အိုးထိန်းသည်၏သား အရှင်ဓနိယသည့် ဗိမ္ဗိသာရမင်းကြီး၏ သစ်တို့ကို မပေးလှူဘဲ ခိုးယူခြင်းအကြောင်းကြောင့်။ (၃-မှတ်)

**တတိယပါရာဇိက သိက္ခာပုဒ်၏**

ပညတ်ရာအရပ် - ဝေသာလီပြည် (၁-မှတ်)
ပုဂ္ဂိုလ် - များပြားလှစွာသော ရဟန်းတို့ (၁-မှတ်)
အကြောင်း - များပြားလှစွာသော ရဟန်းတို့၏ အချင်းချင်း သတ်ဖြတ်မှုအကြောင်းကြောင့်။ [မြန်၊၆-၇။] (၃-မှတ်)

၂။ ပထမပါရာဇိကသိက္ခာပုဒ်ကို ကျူးလွန်သော ရဟန်းတို့ သင့်ရောက်သော အာပတ် -

သေပြီး၍ ခွေးစသည် မခဲစားအပ်သေးသော အသေကောင်၌ မေထုန်အကျင့်ကို မှီဝဲအံ့၊ ပါရာဇိက အာပတ်သို့ ရောက်၏၊ (၂-မှတ်)

သေပြီး၍ များသောအားဖြင့် ခွေးစသည် စားအပ်ပြီးသော အသေကောင်၌ မေထုန်အကျင့်ကို မှီဝဲအံ့၊ ထုလ္လစ္စည်းအာပတ်သို့ ရောက်၏။ (၁-မှတ်)

ဟင်းလင်းပွင့်သော ခံတွင်း၌ မထိစေဘဲ အင်္ဂါဇာတ်ကို သွင်းအံ့၊ ဒုက္ကဋ်အာပတ် (၁-မှတ်)

ဒုတိယပါရာဇိကသိက္ခာပုဒ်ကို ကျူးလွန်သော ရဟန်းတို့ သင့်ရောက်သော အာပတ်

၅-ပဲထိုက်သော ဥစ္စာကိုလည်းကောင်း၊ ၅-ပဲထက်အလွန် ထိုက်သော ဥစ္စာကိုလည်းကောင်း၊ အရှင်သည် ကိုယ်နှုတ်ဖြင့် မပေးဘဲ ခိုးလိုသော စိတ်အစုဖြင့် ခိုးယူအံ့၊ ပါရာဇိကအာပတ်သို့ ရောက်၏။ (၂-မှတ်)

တစ်ပဲထက်အလွန် ထိုက်သော ဥစ္စာကိုလည်းကောင်း၊ ၅-ပဲအောက်အယုတ် ထိုက်သော ဥစ္စာကိုလည်းကောင်း၊ အရှင်သည် ကိုယ်နှုတ်ဖြင့် မပေးဘဲ ခိုးလိုသော စိတ်အစုဖြင့် ခိုးယူအံ့၊ ထုလ္လစ္စည်းအာပတ်သို့ ရောက်၏။ (၂-မှတ်)

တစ်ပဲထိုက်သော ဥစ္စာကိုလည်းကောင်း၊ တစ်ပဲအောက်အယုတ် ထိုက်သော ဥစ္စာကိုလည်းကောင်း၊ အရှင်သည် ကိုယ်နှုတ်ဖြင့် မပေးဘဲ ခိုးလိုသော စိတ်အစုဖြင့် ခိုးယူအံ့၊ ဒုက္ကဋ်အာပတ်သို့ ရောက်၏။ [မြန်၊၈၇။] (၂-မှတ်)

၃။ **ပဒသောဓမ္မသမုဋ္ဌာန်၌ပါသော သိက္ခာပုဒ်တို့ကား -**

ပဒသောဓမ္မသိက္ခာပုဒ်၊

ဓမ္မဒေသနာသိက္ခာပုဒ်၊

သြဝါဒသိက္ခာပုဒ်၊

အတ္ထင်္ဂတသိက္ခာပုဒ်၊

ပဌမတိရစ္ဆာနဝိဇ္ဇသိက္ခာပုဒ်၊

ဒုတိယတိရစ္ဆာနဝိဇ္ဇသိက္ခာပုဒ်၊

အနောကာသကတပဉှာသိက္ခာပုဒ်။

**မှတ်ချက် ။ ။ ၅-ခုမှန်က အမှတ်ပြည့်ပေးရန်။**

**အဒ္ဓါနသမုဋ္ဌာန်၌ပါသော သိက္ခာပုဒ်တို့ကား-**

အဒ္ဓါနသိက္ခာပုဒ်၊ နာဝါဘိရူဟနသိက္ခာပုဒ်၊ ပဏီတဘောဇနသိက္ခာပုဒ်၊ မာတုဂါမသံဝိဓာနသိက္ခာပုဒ်၊ လောမသံဟရသိက္ခာပုဒ်၊ အာမကဓညသိက္ခာပုဒ်၊ အညတြဘုဥ္စနသိက္ခာပုဒ်၊ သပ္ပိဝိညာပနသိက္ခာပုဒ်၊ တေလဝိညာပနသိက္ခာပုဒ်၊ မဓုဝိညာပနသိက္ခာပုဒ်၊ ဖာဏိတဝိညာပနသိက္ခာပုဒ်၊ မစ္ဆဝိညာပနသိက္ခာပုဒ်၊ မံသဝိညာပနသိက္ခာပုဒ်၊ ခီရဝိညာပနသိက္ခာပုဒ်၊ ဒဓိဝိညာပနသိက္ခာပုဒ်။ [မြန်၊၂၃၉။]

**မှတ်ချက်။ ။ ၅-ခုမှန်က အမှတ်ပြည့်ပေးရန်။**

၄။ **အာပတ္တာဓိကရုဏ်းတည်းဟူသော အကြောင်းကြောင့် သင့်ရောက်နိုင်သော အာပတ်များ-**
ရဟန်းမိန်းမသည် သိလျက် ပါရာဇိကအာပတ်ကို ဖုံးလွှမ်းအံ့၊ ပါရာဇိကအာပတ်သို့ ရောက်၏။ (၄-မှတ်)

ယုံမှားရှိသည်ဖြစ်၍ ဖုံးလွှမ်းအံ့၊ ထုလ္လစ္စည်းအာပတ်သို့ ရောက်၏။

ရဟန်းယောကျ်ားသည် သံဃာဒိသိသ်အာပတ်ကို ဖုံးလွှမ်းအံ့၊ ပါစိတ်အာပတ်သို့ ရောက်၏။

အကျင့်ပျက်စီးခြင်း အာစာရဝိပတ္တိကို ဖုံးလွှမ်းအံ့၊ ဒုက္ကဋ်အာပတ်သို့ ရောက်၏။ [မြန်၊၂၆၄] (၆-မှတ်)

၅။ **ဖုံးထားလျှင် တင့်တယ်သော အရာကား -**

မိန်းမသည် ဖုံးလွှမ်းပါမူ ချီးမွမ်းဖွယ်ကို ဆောင်၏၊ ဟင်းလင်းပွင့်ပါမူ ချီးမွမ်းဖွယ်ကို မဆောင်။ (၂-မှတ်)

ပုဏ္ဏားတို့၏ မန္တရားပေဒင်တို့သည် ဖုံးလွှမ်းကုန်ပါမူ ချီးမွမ်းဖွယ်ကို ဆောင်ကုန်၏၊ ဟင်းလင်းပွင့်ကုန်ပါမူ ချီးမွမ်းဖွယ်ကို မဆောင်ကုန်။ (၂-မှတ်)

မှားသော အယူသည် ဖုံးလွှမ်းပါမူ ချီးမွမ်းဖွယ်ကို ဆောင်၏၊ ဟင်းလင်းပွင့်ပါမူ ချီးမွမ်းဖွယ်ကို မဆောင်။ (၂-မှတ်)

**ဖုံးထားလျှင် မတင့်တယ်သော အရာကား -**

လဝန်းသည် ဟင်းလင်းပွင့်မှု တင့်တယ်၏၊ ဖုံးလွှမ်းမှု မတင့်တယ်။ (၁-မှတ်)

နေဝန်းသည် ဟင်းလင်းပွင့်မှု တင့်တယ်၏၊ ဖုံးလွှမ်းမှု မတင့်တယ်။ (၁-မှတ်)

မြတ်စွာဘုရား ဟောကြားသိစေတော်မူအပ်သော သုတ်၊ အဘိဓမ္မာ၊ ဝိနည်းသည် ဟင်းလင်းပွင့်မှု တင့်တယ်၏၊ ဖုံးလွှမ်းမှု မတင့်တယ်။ [မြန်၊၃၀၅။] (၂-မှတ်)

**၆။ တံမြက်စည်းလှည်းခြင်းအကျိုး၏ ရှေ့ ၅-ပါး**

မိမိစိတ်ကြည်လင်ခြင်း၊ သူတစ်ပါးစိတ်ကြည်လင်ခြင်း၊ နတ်တို့သည် နှစ်သက်သော စိတ်ရှိခြင်း၊ ကြည်ညိုခြင်းကို ဖြစ်စေတတ်သော ကောင်းမှုကုသိုလ်ကံကို ဆည်းပူးခြင်း၊ ခန္ဓာကိုယ်ပျက်၍ သေသည်မှ နောက်၌ ကောင်းသော လားရာဂတိဖြစ်သော နတ်ပြည်သို့ ရောက်ရခြင်း။

**လောက၌ ကောင်းမှုကုသိုလ်ဟု သမုတ်အပ်သော်လည်း ကောင်းမှုမဟုတ်ကုန်သော အလှူ**

သေရည်သေရက်အလှူ၊ ကချေသဘင် အလှူ၊ မိန်းမ အလှူ၊ နွားမအပေါင်းအလယ်၌ နွားလားဥသဘကို လွှတ်သော အလှူ၊ ပန်းချီဆေးရေးအလှူတို့ ဖြစ်ပါသည်။ [မြန်၊၃၂၁။]

မှတ်ချက်။ ။ တစ်ခုမှန်လျှင် ၁-မှတ်စီ (၁၀)မှတ်

**၇။ မျိုးစေ့ ၅-ပါးတို့ကား -**

အမြစ်မျိုးစေ့၊ ပင်စည်မျိုးစေ့၊ အဆစ်မျိုးစေ့၊ အညွန့်မျိုးစေ့၊ အစေ့မျိုးစေ့။ (၅-မှတ်)

**ဝိနည်းမိုရ်ပုဂ္ဂိုလ်၌ အကျိုးအာနိသင် ၅-ပါးတို့ကား -**

မိမိ၏ သီလဂုဏ်ကို ကောင်းစွာ လုံခြုံစေအပ်သည်ဖြစ်၍ ကောင်းစွာ စောင့်ရှောက်အပ်ခြင်း၊

ကုက္ကုစ္စနှိပ်စက်သော ရဟန်းတို့၏ ကိုးကွယ်ရာဖြစ်ခြင်း၊

ရဲရင့်သည်ဖြစ်၍ သံဃာ့အလယ်၌ ပြောဆိုခြင်း၊

ရန်သူတို့ကို အကြောင်းနှင့်တကွ ကောင်းစွာ နှိပ်နင်းနိုင်ခြင်း၊

သူတော်ကောင်းတရား၏ တည်ခြင်းငှာ ကျင့်ခြင်းတို့ ဖြစ်ပါသည်။ [မြန်၊၃၂၆။] (၅-မှတ်)

**၈။ ဥပုသ်ကံ- ၏**

| | | |
|---|---|---|
| အစ - | ဥပုသ်ကံ၏ ညီညွတ်ခြင်း ကာယသာမဂ္ဂီ၊ | (၁-မှတ်) |
| အလယ် - | ပါတိမောက်ပြခြင်းကြိယာ၊ | (၁-မှတ်) |
| အဆုံး - | ပါတိမောက်ပြီးဆုံးခြင်း။ | (၁-မှတ်) |

**ပဝါရဏာကံ၏ -**

| | | | |
|---|---|---|---|
| အစ | - | ပဝါရဏာကံ၏ ညီညွတ်ခြင်း၊ | (၁-မှတ်) |
| အလယ် | - | ပဝါရဏာရွတ်ခြင်းကြိယာ၊ | (၁-မှတ်) |
| အဆုံး | - | ပဝါရဏာ ပြီးဆုံးခြင်း။ | (၁-မှတ်) |

**တဇ္ဇနီယကံ၏ -**

| | | | |
|---|---|---|---|
| အစ | - | တဇ္ဇနီယကံ၏ အကြောင်းဝတ္ထုနှင့် ပုဂ္ဂိုလ်၊ | (၂-မှတ်) |
| အလယ် | - | ဉတ်၊ | (၁-မှတ်) |
| အဆုံး | - | ကမ္မဝါစာ။ [မြန်၊၃၄၄။] | (၁-မှတ်) |

၉။ **ကထိန်ခင်းအပ်သော ပုဂ္ဂိုလ်**

ကထိန်ခင်းသော ပုဂ္ဂိုလ်အားလည်းကောင်း၊ အနုမောဒနာပြုသော ပုဂ္ဂိုလ်အားလည်းကောင်း၊ ဤ ၂-ပါးသော ပုဂ္ဂိုလ်တို့အား ကထိန်ခင်းအပ်၏။ (၂-မှတ်)

**ကထိန်းမခင်းအပ်သော ပုဂ္ဂိုလ်**

ကထိန်မခင်းအပ်သော ပုဂ္ဂိုလ်အားလည်းကောင်း၊ အနုမောဒနာ မပြုသော ပုဂ္ဂိုလ်အားလည်းကောင်း ဤ ၂-ပါးသော ပုဂ္ဂိုလ်တို့အား ကထိန်မခင်းအပ်။ (၂-မှတ်)

**ကထိန်ခင်းသည်နှင့် တပြိုင်နက် ဖြစ်ပေါ်လာသော တရားများ**

မာတိကာ ၈-ပါးတို့သည်လည်းကောင်း၊

ပလိဗောဓ ၂- ပါးတို့သည်လည်းကောင်း၊

အကျိုးအာနိသင် ၅-ပါးတို့သည်လည်းကောင်း ဖြစ်ပေါ်လာကုန်၏။ [မြန်၊၃၉၈-၃၉၉။] (၆-မှတ်)

၁၀။ **မလျော်သော အကပ်ခံခြင်း ၅ မျိုး**

ကိုယ်ဖြင့် ပေးအပ်သည်ကို ကိုယ်ဖြင့် မခံယူ၊

ကိုယ်ဖြင့် ပေးအပ်သည်ကို ကိုယ်နှင့် စပ်သော ဝတ္ထုဖြင့် မခံယူ၊

ကိုယ်နှင့် စပ်သော ဝတ္ထုဖြင့် ပေးအပ်သည်ကို ကိုယ်ဖြင့် မခံယူ၊

ကိုယ်နှင့် စပ်သော ဝတ္ထုဖြင့် ပေးအပ်သည်ကို ကိုယ်နှင့် စပ်သော ဝတ္ထုဖြင့် မခံယူ၊

စွန့်လွှတ်၍ ပေးအပ်သည်ကို ကိုယ်ဖြင့်လည်းကောင်း၊ ကိုယ်နှင့်စပ်သော ဝတ္ထုဖြင့်လည်းကောင်း မခံယူ။

(၅-မှတ်)

**ရန်သူမျိုး ၅-ပါး**

သူ့အသက်သတ်ခြင်း၊

မပေးသည်ကို ယူခြင်း၊

ကာမတို့၌ အမှားကျင့်ခြင်း၊

မဟုတ်မမှန်ပြောခြင်း၊

ယဇ္ဇမူးကြောင်းဖြစ်သော သေအရက်သောက်ခြင်း။ [မြန်၊၄၂၅၊၄၄၁။] (၅-မှတ်)

ရန်ကုန်မြို့
ဒေါက်တာ ခင်ခင်ရီ ပရိယတ္တိဖောင်ဒေးရှင်းမှ ကြီးမှူးကျင်းပသော
ပိဋကသုံးပုံ ပါဠိတော်မြန်မာပြန် စာမေးပွဲ

**အုပ်စု (၁) ဝိနယပိဋက**

**ပရိဝါ ပါဠိတော် မြန်မာပြန် အဖြေ**

ဒေါက်တာခင်ခင်ရီ
ပရိယတ္တိဖောင်ဒေးရှင်း

၁၃၇၆-ခုနှစ်၊ နယုန်လဆန်း (၅) ရက်၊ (၂. ၆. ၂၀၁၄) တနင်္လာနေ့
ခွင့်ပြုချိန်။ ။၄- နာရီ။ (မွန်းလွဲ ၁း၀၀ နာရီမှ ညနေ ၅း၀၀ နာရီအထိ)

၁။ ရွှေငွေကို ခံယူသော ရဟန်းအား နိဿဂ္ဂိပါစိတ်အာပတ် သင့်၏ဟု ပညတ်အပ်သော (ရူပိယ)သိက္ခာပုဒ်။

ရာဇဂြိုဟ်။ **(၃+၂-မှတ်)**

- အထူးထူး အပြားပြား ကုန်ရောင်း ကုန်ဝယ်ပြုသော ရဟန်းအား နိဿဂ္ဂိပါစိတ်အာပတ် သင့်၏ဟု ပညတ်အပ်သော (ကယဝိက္ကယ)သိက္ခာပုဒ်။

သာဝတ္ထိ။ **(၃+၂-မှတ်)**

၂။ (က) ယုတ်မာသော အလိုရှိသည်ဖြစ်၍ အလိုရမ္မက် နှိပ်စက်သည်ဖြစ်၍ ထင်ရှားမရှိဘဲ မဟုတ်မမှန်ဘဲ လူတို့၏ ကုသလကမ္မပထတရားဆယ်ပါးထက် လွန်မြတ်သော ဈာန်, မဂ်, ဖိုလ် တရားကို ငါရ၏ ပြောဆိုသော ရဟန်း ပါရာဇိကအာပတ် သင့်၏။

- ရဟန်းကို (မြင်, ကြား, ရွံ့မှားခြင်း) အရင်းမရှိသော ပါရာဇိကအာပတ်ဖြင့် စွပ်စွဲလျှင် သံဃာဒိသေသ်အာပတ် သင့်၏။

- "သင်၏ ကျောင်း၌ နေသော ရဟန်းသည် ရဟန္တာတည်း"ဟု ပြောအံ့၊ (အပြောခံရသူ)သိသည်ရှိသော် ထုလ္လစ္စည်းအာပတ် သင့်၏။

- မသိရှိသော် ဒုက္ကဋ်အာပတ် သင့်၏။

- သိလျက် မဟုတ်မမှန်သော စကားကို ပြောဆိုခြင်းကြောင့် ပါစိတ်အာပတ် သင့်၏။ **(၆-မှတ်)**

(ခ) စတိတ်ရှိုးပွဲသို့ သွားအံ့၊ အားထုတ်ခြင်း 'ပယောဂ'၌ ဒုက္ကဋ်။

- အကြင်အရပ်၌ တည်လျက် ကြည့်မူလည်း ကြည့်အံ့၊ နားထောင်မူလည်း နားထောင်အံ့၊ ပါစိတ်။

**(၄-မှတ်)**

၃။ ကိုယ်လက်နှီးနှော(ကိုင်တွယ်သုံးသပ်)ခြင်းကို သာယာသဘောကျသည့်အတွက် အာပတ်ငါးမျိုး သင့်ရောက်ပါသည်။

- (ကိလေသာ) စိုစွပ်သော ရဟန်းမသည် (ကိလေသာ)စိုစွပ်သော ယောကျ်ားဖြစ်သော ပုဂ္ဂိုလ်၏ ညှပ်ရိုးနှစ်ဖက်၏အောက်၊ ပုဆစ်ဒူးဝန်းနှစ်ဖက်၏ အထက်၌ ကိုင်ခြင်းကို သာယာအံ့၊ ပါရာဇိကအာပတ်။

- ရဟန်းယောကျ်ားသည် (မိမိ၏) ကိုယ်ဖြင့် (မိန်းမ၏) ကိုယ်ကို သုံးသပ်အံ့၊ သံဃာဒိသေသ်အာပတ်။

- ရဟန်းယောကျ်ားသည် (မိမိ၏)ကိုယ်ဖြင့် (မိန်းမ၏) ကိုယ်နှင့် စပ်သော အရာဝတ္ထုကို သုံးသပ်အံ့၊ ထုလ္လစ္စည်းအာပတ်။

- ကိုယ်နှင့်စပ်သော ဝတ္ထုဖြင့် ကိုယ်နှင့် စပ်သော ဝတ္ထုကို သုံးသပ်အံ့၊ ဒုက္ကဋ်အာပတ်။

- ချိုင်းကြား ကလိထိုး ကစားခြင်းကြောင့် ပါစိတ်အာပတ်။ (၂-မှတ်စီ)

၄။ ကိုယ်ကျင့်သီလပျက်စီးခြင်း သီလဝိပတ္တိကြောင့် လေးမျိုးသော အာပတ်သင့်ပါသည် –
- ရဟန်းမိန်းမသည် သိလျက် ပါရာဇိကအာပတ်ကို ဖုံးလွှမ်းအံ့၊ ပါရာဇိက။
- ယုံမှားရှိသည်ဖြစ်၍ ဖုံးလွှမ်းအံ့၊ ထုလ္လစ္စည်း။
- ရဟန်းယောကျ်ားသည် သံဃာဒိသေသ် အာပတ်ကို ဖုံးလွှမ်းအံ့။ ပါစိတ်။
- မိမိ၏ ရှုန့်ရင်းသော အာပတ်ကို ဖုံးလွှမ်းအံ့၊ ဒုက္ကဋ်။ (၂ ၁/၂ - မှတ်စီ)

၅။ **ဝိဝါဒါဓိကရုဏ်းကို ငြိမ်းအေးစေသည့် သမထ**

**ဝိဝါဒါဓိကရုဏ်းကို –**

သမ္မုခါဝိနည်း၊

ယေဘုယျသိကာဝိနည်းကံဟူသော နှစ်ပါးသော သမထတို့ဖြင့် ငြိမ်းအေးစေပါသည်။(၅-မှတ်စီ)

သမ္မုခါဝိနည်းသည် –

ရံခါ ကုသိုလ်၊ ရံခါ အဗျာကတတည်း။

အကုသိုလ်ဖြစ်သော သမ္မုခါဝိနည်း မရှိပါ။ (၅-မှတ်စီ)

၆။ (က) မြတ်စွာဘုရား။ ပစ္စေကဗုဒ္ဓါ။ (၅-မှတ်စီ)

(ခ) အရိယာပုဂ္ဂိုလ်ဖြစ်သော ရဟန်းယောကျ်ား, ရဟန်းမိန်းမ။ (၅-မှတ်စီ)

၇။ (က) မိန်းမ၊

ပုဏ္ဏားတို့၏ မန္တရားဗေဒင်၊

မှားသော အယူ။

(ခ) လဝန်း၊

နေဝန်း၊

မြတ်စွာဘုရား(ဟောကြား)သိစေအပ်သော သုတ်၊ အဘိဓမ္မာ၊ ဝိနည်း။ (၅-မှတ်စီ)

၈။ (က) ရှိနိုင်ပါသည်။

(ခ) ရှိနိုင်ပါသည်။

(ဂ) ရှိနိုင်ပါသည်။

(ဃ) ရှိနိုင်ပါသည်။ (၂ ၁/၂ -မှတ်စီ)

၉။ **ဝိနည်းမိုရ်လိုက်နာကျင့်သုံးရမည့် အစဆုံး ဥပဒေလေးခု**

- အဆောတလျင် စကားကို မဆိုရခြင်း၊

- ကြမ်းကြမ်းတမ်းတမ်း စကားကို မဆိုရခြင်း။

- အမျက်ဒေါသ မထွက်ရခြင်း၊

- အဆောတလျင် ငြင်းခုံခြင်းကို ပြုတတ်သော, အကျိုးမဲ့ကို ဖြစ်စေတတ်သော စကားကို မဆိုရခြင်းတို့ ဖြစ်ပါသည်။ (၂+၂+၂+၄-မှတ်စီ)

၁၀။ **ကမ္ဘဝိစာကြောင့် ကံပျက်ကြောင်း**

- ဝတ္ထုကို မသုံးသပ်၊
- သံဃာကို မသုံးသပ်၊
- ပုဂ္ဂိုလ်ကို မသုံးသပ်၊
- ကမ္ဘဝိစာကို ယုတ်စေ၏၊
- အခါမဟုတ်သည်၌လည်း ကြား၏။

ဤငါးပါးသော အခြင်းအရာတို့ဖြင့် ကမ္ဘဝိစာကြောင့် ကံတို့သည် ပျက်ကြပါသည်။ **(၂-မှတ်စီ)**

ရန်ကုန်မြို့

ဒေါက်တာ ခင်ခင်ရီ ပရိယတ္တိဖောင်ဒေးရှင်းမှ ကြီးမှူးကျင်းပသော

ပိဋကသုံးပုံ ပါဠိတော်မြန်မာပြန် စာမေးပွဲ

## အုပ်စု (၁) ဝိနယပိဋက

## ပရိဝါ ပါဠိတော် မြန်မာပြန် မေးခွန်း

၁၃၇၇-ခုနှစ်၊ ပထမဝါဆိုလဆန်း (၁၀) ရက်၊ (၂၆. ၆. ၂၀၁၅) သောကြာနေ့

ခွင့်ပြုချိန်။ ။၄- နာရီ။ (မွန်းလွဲ ၁း၀၀ နာရီမှ ညနေ ၅း၀၀ နာရီအထိ)

---

၁-မေး။ သီဟိုဠ်ကျွန်း၌ ဝိနည်းကို ပို့ချသော မထေရ်တို့ကို ဖော်ပြ၍၊ ဂဏဘောဇဉ်ကို စားခြင်းကြောင့် ပါစိတ်အာပတ်ကို အဘယ်မြို့၌ အဘယ်သူကို အကြောင်းပြု၍ ပညတ်အပ်ပါသနည်း ဖြေဆိုခဲ့ပါ။

ဖြေ။ **သီဟိုဠ်ကျွန်း၌ ဝိနည်းကို ပို့ချကြသော မထေရ်များ**

မဟိန္ဒမထေရ်၊ ဣဋ္ဋိယမထေရ်၊ ဥတ္တိယမထေရ်၊ သမ္ဗလမထေရ်၊ ဘဒ္ဒနာမမထေရ်။ (၆-မှတ်) [မြန်-၅]

ဂဏဘောဇဉ်ကို စားခြင်းကြောင့် ပါစိတ်အာပတ်ကို ရာဇဂြိုဟ်ပြည်၌ (၂-မှတ်)

ဒေဝဒတ်ကို အကြောင်းပြု၍ ပညတ်ပါသည်။ (၂-မှတ်) [မြန် - ၄၇]

၂-မေး။ ညောင်စောင်းတစ်ခုတည်း၌ အိပ်ကြကုန်သော ရဟန်းမနှစ်ဦးတို့အား ပါစိတ်အာပတ်ကို အဘယ်မြို့၌ အဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ ပညတ်အပ်ပါသနည်း ဖြေဆို၍၊ ယင်းသို့ အိပ်ကြရာ၌ အာပတ် သင့်ပုံကိုလည်း ဖော်ပြခဲ့ပါ။

ဖြေ။ ညောင်စောင်းတစ်ခုတည်း၌ အိပ်ကြကုန်သော ရဟန်းမိန်းမတို့အား ပါစိတ်အာပတ်ကို သာဝတ္ထိပြည်၌ (၂-မှတ်)

များစွာသောရဟန်းမိန်းမတို့ကို အကြောင်းပြု၍ ပညတ်ပါသည်။ (၂-မှတ်) [မြန်-၃၆၅]

ယင်းသို့ အိပ်ကြရာ၌ အားထုတ်ခြင်း ပယောဂ၌ ဒုက္ကဋ်အာပတ်၊ (၃-မှတ်)

အိပ်ပြီးသည်ရှိသော် ပါစိတ်အာပတ်သို့ ရောက်၏။ (၃-မှတ်)[ မြန်-၂၀၂]

၃-မေး။ ဒိဋ္ဌိဝိပတ္တိ-ဟူသော အကြောင်းကြောင့် အဘယ်မျှလောက်သော အာပတ်တို့သို့ ရောက်ပါသနည်း ဖြေဆို၍၊ ကိစ္စာဓိကရုဏ်း၌ အဘယ်မျှလောက်သော အခြင်းအရာတို့ဖြင့် အမှုကိစ္စသည် ဖြစ်ပါသနည်း ဖြေဆိုခဲ့ပါ။

ဖြေ။ ဒိဋ္ဌိဝိပတ္တိဟူသော အကြောင်းကြောင့် သုံးကြိမ်တိုင်အောင် ဉတ်ကမ္မဝါစာဖြင့် ဆုံးမပါလျက် ယုတ်ညံ့သော အယူကို မစွန့်အံ့၊ ဉတ်၏အဆုံး၌ ဒုက္ကဋ်အာပတ်သို့ရောက်၏။ ကမ္မဝါစာ၏အဆုံး၌ ပါစိတ်အာပတ်သို့ရောက် ၏။ (၆-မှတ်) [မြန်-၂၆၀]

ကိစ္စာဓိကရုဏ်း၌ ဉတ်ဖြင့်လည်းကောင်း၊ ပန်ကြားခြင်းအပလောကနကံဖြင့်လည်းကောင်း၊ ဤနှစ်ပါးသော အခြင်းအရာတို့ဖြင့် အမှုကိစ္စသည် ဖြစ်၏။ (၄-မှတ်) [မြန်-၂၆၉]

၄-မေး။ ထေယျသတ္တသမုဋ္ဌာန်-ဟု မြတ်စွာဘုရားဟောတော်မူအပ်သော သိက္ခာပုဒ်တို့ကို ဖော်ပြ၍၊ ပယ်ခြင်း ၂ ပါး၊ ပယ်ခြင်း ၃ ပါးတို့ကိုလည်း ဖော်ပြခဲ့ပါ။

ဖြေ။ ထေယျသတ္တသမုဋ္ဌာန်ဟု မြတ်စွာဘုရားဟောတော်မူအပ်သောသိက္ခာပုဒ်များ

၁။ ထေယျသတ္တသိက္ခာပုဒ်၊ ၂။ ဥပဿုတိသိက္ခာပုဒ်၊ ၃။ သူပေါဒနဝိညတ္တိသိက္ခာပုဒ်၊

၄။ ရတ္တန္ဓကာရသိက္ခာပုဒ်၊ ၅။ ပဋိစ္ဆန္နသိက္ခာပုဒ်၊ ၆။ အဇ္ဈောကာသသိက္ခာပုဒ်၊ ၇။ ရထိကသိက္ခာပုဒ်၊

(၅-မှတ်) [မြန်- ၂၄၀]

**ပယ်ခြင်း ၂-ပါး**

ကိုယ်ဖြင့် ပယ်ခြင်း။ နှုတ်ဖြင့်ပယ်ခြင်း။ (၂-မှတ်) [မြန်-၂၉၉]

**ပယ်ခြင်း ၃-ပါး**

အလိုကြီးခြင်း၊ မရောင့်ရဲခြင်း၊ ကိလေသာမခေါင်းပါးခြင်း။ (၃-မှတ်)[မြန်-၃၀၄]

၅-မေး။ တံမြက်စည်းလှည်းခြင်းအကျိုးတို့ကို ရှိရှိသမျှ ဖော်ပြ၍၊ မေတ္တာပို့ပုံ ပို့နည်းကိုလည်း ပြည့်စုံအောင် ဖော်ပြခဲ့ပါ။

ဖြေ။ **တံမြက်စည်းလှည်းခြင်းအကျိုး**

၁။ မိမိစိတ်သည် ကြည်လင်၏၊

၂။ သူတပါးစိတ်သည် ကြည်လင်၏၊

၃။ နတ်တို့သည် နှစ်သက်သော စိတ်ရှိကုန်၏၊

၄။ ကြည်လင်ခြင်းကို ဖြစ်စေတတ်သော ကောင်းမှုကုသိုလ်ကံကို ဆည်းပူး၏။

၅။ ခန္ဓာကိုယ် ပျက်၍ သေသည်မှနောက်၌ ကောင်းသောလားရာဂတိဖြစ်သော နတ်ပြည်သို့ရောက်၏။

၆။ မြတ်စွာဘုရား၏ သာသနာတော်ကို ပြုအပ်သည်ဖြစ်၏။

၇။ နောင်လာနောက်သား လူအပေါင်းသည် ဒိဋ္ဌာနုဂတိသို့ အတုလိုက်၏။ (၅-မှတ်) [မြန်-၃၂၁]

**မေတ္တာပွါးပုံ**

မိုဝဲအပ်အောင်၊ ပွါးများအပ်အောင်၊ အဖန်တလဲလဲ ပြုအပ်အောင်၊ ကောင်းစွာကသောယဉ်ကဲ့သို့ ပြုအပ်အောင်၊ တည်ရာကဲ့သို့ပြုအပ်အောင်၊ အမြဲဆောက်တည်အပ်အောင်၊ ထက်ဝန်းကျင်မှပွါးအပ်အောင်၊ ကောင်းစွာအား ထုတ်အပ်အောင် ပွါးများရပါမည်။ (၅-မှတ်) [မြန်-၃၄၀]

၆-မေး။ ဘဂ္ဂတိုင်း၌ ပညတ်အပ်ကုန်သော သိက္ခာပုဒ်တို့ကို ဖော်ပြ၍၊ ဥပုသ်ပြုခြင်း၊ ပဝါရဏာပြုခြင်းတို့၏ အကျိုးတို့ကိုလည်း ဖော်ပြခဲ့ပါ။

ဖြေ။ **ဘဂ္ဂတိုင်း၌ ပညတ်အပ်သော သိက္ခာပုဒ်များ**

ဝိသိဗ္ဗနသိက္ခာပုဒ်၊ သာမိသပဟတ္ထသိက္ခာပုဒ်၊ သသိတ္တကသိက္ခာပုဒ်။ (၄-မှတ်) [မြန်-၃၅၀]

ဥပုသ်ပြုခြင်းအကျိုး= ညီညွတ်ခြင်းအကျိုးဖြစ်ပါသည်။ (၃-မှတ်)

ပဝါရဏာပြုရခြင်းအကျိုး = စင်ကြယ်ခြင်းအကျိုးငါ ဖြစ်၏။ (၃-မှတ်) [မြန်- ၃၇၉]

၇-မေး။ သိထိုက်သော ကံတို့ကို သိသာရုံမျှ ရေတွက်ပြ၍၊ ပစ္စုဒ္ဒိရ်ကို အဘယ်မျှလောက်သော တရားတို့ဖြင့် ရေတွက်အပ်ပါသနည်း ဖြေဆိုခဲ့ပါ။

ဖြေ။ **သိထိုက်သောကံ**

၁၆-ပါးသောကံ၊ ၄-ပါးသော အပလောကနကံ၊ ၄-ပါးသော ဉတ္တိကံ၊ ၄-ပါးသော ဉတ္တိဒုတိယကံ၊

၄-ပါးသော ဉတ္တိစတုတ္ထကံ။ (၅-မှတ်) [မြန်- ၃၈၆]

ပစ္စုဒ္ဒိရ်ကို ဒုကဋ်သင်္ကန်း,ကိုယ်ဝတ်သင်္ကန်း, သင်းပိုင်ဟူသော (၃)ပါးသောတရားတို့ဖြင့် ရေတွက်အပ်၏။

(၅-မှတ်) [မြန်- ၄၀၄]

၈-မေး။ ပုဂ္ဂိုလ်နှင့်သာ သက်ဆိုင်သော ကထိန်နုတ်ခြင်းများကို ဖော်ပြ၍၊ အရဟတ္တဖိုလ်ကို ပြောကြားခြင်း (၅)မျိုးတို့ကိုလည်း ဖော်ပြခဲ့ပါ။

ဖြေ။ **ကထိန်နှုတ်ခြင်း**

၁။ ဖဲသွားခြင်း အဆုံးရှိသော ကထိန်နှုတ်ခြင်း၊ ၂။ ပြီးဆုံးခြင်းအဆုံးရှိသော ကထိန်နှုတ်ခြင်း၊

၃။ ဆုံးဖြတ်ခြင်း အဆုံးရှိသော ကထိန်နှုတ်ခြင်း၊ ၄။ အပိုင်းအခြားကိုလွန်ခြင်း အဆုံးရှိသော ကထိန်နှုတ်ခြင်း။

(၅-မှတ်) [မြန်- ၄၀၉]

**အရဟတ္တဖိုလ်ကို ပြောကြားခြင်း(၅)မျိုး**

၁။ နုံသည် တွေဝေသည်၏ အဖြစ်ကြောင့်လည်းကောင်း၊

၂။ ယုတ်ညံ့သောအလိုဆိုးရှိသည် အလိုဆိုးသည် နှိပ်စက်အပ်သည်၏ အဖြစ်ကြောင့်လည်းကောင်း၊

၃။ ရူးသောကြောင့် စိတ်ပျံ့လွင့်သောကြောင့်လည်းကောင်း၊

၄။ အထင်ကြီးသောကြောင့်လည်းကောင်း၊

၅။ ဟုတ်မှန်သောကြောင့်လည်းကောင်း။ (၅-မှတ်) [မြန်- ၄၂၉]

၉-မေး။ မေးစိစစ်ခြင်းကို မပေးသင့်သော ရဟန်း၏ အင်္ဂါတို့ကို ဖော်ပြ၍၊ ရှိခိုးထိုက်သော ပုဂ္ဂိုလ် (၅)ပါးကိုလည်း အစဉ်ကျကျ ဖော်ပြခဲ့ပါ။

ဖြေ။ **ရဟန်း၏အင်္ဂါ (၅)ပါး**

၁။ အာပတ်ဟုတ်သည်/မဟုတ်သည်ကို မသိခြင်း၊

၂။ ပေါ့သောအာပတ်/လေးသောအာပတ်ကို မသိခြင်း၊

၃။ အကြွင်းရှိသောအာပတ်/အကြွင်းမရှိသောအာပတ်ကို မသိခြင်း၊

၄။ ရုန့်ရင်းကြမ်းတမ်းသောအာပတ်/မရုန့်ရင်းမကြမ်းတမ်းသောအာပတ်ကို မသိခြင်း၊

၅။ ကုစား၍ရသောအာပတ်/ကုစား၍မရသောအာပတ်ကို မသိခြင်း။ (၅-မှတ်) [မြန် - ၄၄၀]

**ရှိခိုးအပ်သောပုဂ္ဂိုလ် (၅)ပါး**

၁။ နောက်မှရဟန်းခံသူသည် ရှေးဦးရဟန်းခံသူကို ရှိခိုးအပ်၏။

၂။ ဓမ္မကိုဆိုလေ့ရှိသော သီတင်းကြီးဖြစ်သော နာနာသံဝါသကရဟန်းကို ရှိခိုးအပ်၏။

၃။ ဆရာကို ရှိခိုးအပ်၏။

၄။ ဥပဇ္ဈာယ်ကို ရှိခိုးအပ်၏။

၅။ မြတ်စွာဘုရားကို ရှိခိုးအပ်၏။ (၅-မှတ်) [မြန် - ၄၆၁]

၁၀-မေး။ ကမ္မဝါစာကြောင့် ကံပျက်ပုံကို ဖော်ပြ၍၊ ဉတ္တိစတုတ္ထကံ ရောက်ရာဌာနတို့ကိုလည်း ဖော်ပြခဲ့ပါ။

ဖြေ။ **ကမ္မဝါစာကြောင့် ကံပျက်ပုံ**

၁။ ဝတ္ထုကို မသုံးသပ်ခြင်း။ ၂။ သံဃာကို မသုံးသပ်ခြင်း၊ ၃။ ပုဂ္ဂိုလ်ကို မသုံးသပ်ခြင်း၊

၄။ ကမ္မဝါစာကို ယုတ်စေခြင်း၊ ၅။ အခါမဟုတ်သည်၌ကြားခြင်း။ (၅-မှတ်) [မြန် - ၄၇၅]

**ဉတ္တိစတုတ္ထကံ ရောက်ရာဌာန**

၁။ သွင်းခြင်းကံ၊ ၂။ ထုတ်ခြင်းကံ၊ ၃။ သမုတ်ခြင်းကံ၊ ၄။ ပေးခြင်းကံ၊ ၅။ နှိပ်ခြင်းကံ၊ ၆။ ဆုံးမခြင်းကံ၊

၇။ ကံသည်သာ လက္ခဏာဖြစ်သောကံ။ (၅-မှတ်) [မြန် - ၄၇၇]

ရန်ကုန်မြို့
ဒေါက်တာ ခင်ခင်ရီ ပရိယတ္တိဖောင်ဒေးရှင်းမှ ကြီးမှူးကျင်းပသော
ပိဋကသုံးပုံ ပါဠိတော်မြန်မာပြန် စာမေးပွဲ
**အုပ်စု (၁) ဝိနယပိဋက**
**ပရိဝါ ပါဠိတော် မြန်မာပြန် မေးခွန်းနှင့် အဖြေ**
၁၃၇၈-ခုနှစ်၊ နယုန်လပြည့်ကျော် (၅) ရက်၊ (၂၅. ၆. ၂၀၁၆) စနေနေ့
ခွင့်ပြုချိန်။ ။၄- နာရီ။ (မွန်းလွဲ ၁း၀၀ နာရီမှ ညနေ ၅း၀၀ နာရီအထိ)

ဒေါက်တာခင်ခင်ရီ
ပရိယတ္တိဖောင်ဒေးရှင်း

---

မေး၁။ ပဋိပတ္တိအကျင့်ကား အဘယ်နည်းဟူသော မေးခွန်း၏ အဖြေကို ရေးသား၍၊ ဒွေဘာဂသိက္ခာပုဒ်ကို အဘယ်မြို့၌၊ အဘယ်သူတို့၏၊ အဘယ်လုပ်ရပ်ကို အကြောင်းပြု၍ ပညတ်ခဲ့ပါသနည်း ဖြေဆိုခဲ့ပါ။

ဖြေ။ (က) ပဋိပတ္တိအကျင့်ကား အဘယ်နည်း- ဤသို့သဘောရှိသော မကောင်းသော အကျင့်ကို အသက်ရှည်သရွေ့ ကာလပတ်လုံး အသက်ဆုံးသည့်တိုင်အောင် ငါမပြုလုပ်တော့အံ့-ဟု ဆောက်တည်၍ သိက္ခာပုဒ်တို့၌ ကျင့်သုံးခြင်းသည် ပဋိပတ္တိအကျင့် မည်ပါသည်။ [၄-မှတ်] (မြန်၊၄။ ပါ၊၂။)

(ခ) သာဝတ္ထိမြို့၌ ဆဗ္ဗဂ္ဂီရဟန်းတို့၏ သိုးမွေးအဖြူကို အစွန်အဖျား၌ အနည်းငယ်မျှသာ ယူ၍ ထိုရှေးနည်းအတူသာလျှင် အမည်းသက်သက်ဖြစ်သော သိုးမွေးအခင်းကို ပြုလုပ်စေကြခြင်း အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသည်။ [၆-မှတ်] (မြန်၊၂၉။ ပါ၊၁၇။)

မေး၂။ သုဒ္ဓပါစိတ် သိက္ခာပုဒ်တို့တွင် အရှင်အာနန္ဒာနှင့် အရှင်အနုရုဒ္ဓါ အရှင်ဆန္နတို့ကို အကြောင်းပြု၍ ပညတ်ထားသော သိက္ခာပုဒ်များကို ယှဉ်တွဲဖော်ပြ၍၊ ပထမဒုဋ္ဌုဒေါသသိက္ခာပုဒ်၌ မြင် ကြား ယုံမှားခြင်း အလျဉ်းမရှိဘဲ ပါရာဇိကအာပတ်ဖြင့် စွပ်စွဲသော ရဟန်းအား သင့်ရောက်သော အာပတ် (၃)ချက်ကို တင်ဆက်ပြခဲ့ပါ။

ဖြေ။ (က) အရှင်အနုရုဒ္ဓါ - ဒုတိယ သဟသေယျ (ပါ၊၃၀။)

အရှင်အာနန္ဒာ - အစေလက၊ (ပါ၊၂၃။)

အဋ္ဌေပုရသိက္ခာပုဒ် (ပါ၊၃၉။) [၃-မှတ်]

(ခ) ခွင့်မပြုစေဘဲ ခွင့်မတောင်းဘဲ သာသနာတော်မှ ရွေ့လျောစေလိုသည်ဖြစ်၍ ပြောဆိုအံ့၊ သံဃာဒိသေသ် အာပတ်နှင့်တကွ ဒုက္ကဋ်အာပတ်သင့်သည်။

ခွင့်ပြုစေ၍ ခွင့်တောင်း၍ ဆဲရေးလိုသည်ဖြစ်၍ ပြောဆိုအံ့၊ ဩမသဝါဒ ပါစိတ်အာပတ်သင့်သည်။ [၃-မှတ်] [မြန်-၈၉-၉၀]

(က) အရှင်ဆန္န - အညဝါဒက၊ မဟာလ္လကဝိဟာရ၊ အနာဒရိယ၊ သဟဓမ္မိကသိက္ခာပုဒ်။ [၄-မှတ်] [နှာ-၂၉]

မေး၃။ မိဘနှင့် လင်ယောကျ်ား ခွင့်မပြုသော သိက္ခမာန်မကို ဥပဇ္ဈာယ်ပြု၍ ပဉ္စင်းခံပေးရာ၌ လာသော အာပတ်သင့်ခြင်း၏အကြောင်း (၄)မျိုးကို ဖော်ပြ၍၊ ဆဋ္ဌအာပတ္တိသမုဋ္ဌာန်ကြောင့် သင့်သော အာပတ်တို့၏ ဝိပတ္တိနှင့် သမထတို့ကိုလည်း ဖော်ပြခဲ့ပါ။

ဖြေ။ ၁။ ရံခါ နှုတ်ကြောင့်ဖြစ်စေ၊ ကိုယ်စိတ်ကြောင့် မဖြစ်၊

၂။ ရံခါ ကိုယ်နှုတ်ကြောင့်ဖြစ်စေ၊ စိတ်ကြောင့် မဖြစ်၊

၃။ ရံခါ နှုတ်စိတ်ကြောင့်ဖြစ်စေ၊ ကိုယ်ကြောင့် မဖြစ်၊

၄။ ရံခါ ကိုယ်နှုတ်စိတ်ကြောင့်ဖြစ်စေ။ [၄-မှတ်] [မြန်-၁၈၃]

ဆဌ အာပတ္တိသမုဋ္ဌာန်ကြောင့် သင့်သော အာပတ်(၇)ခုတို့သည် ရုံခါ သီလဝိပတ္တိသို့ သက်ဝင်ကြ၍ ရံခါ အာစာရ ဝိပတ္တိသို့ သက်ဝင်ကြသည်။ [၂-မှတ်]

သမထအားဖြင့် (၃)ပါးသော သမထတို့ဖြင့် ငြိမ်းကုန်၏၊ ရံခါ သမ္မုခါ ဝိနယဖြင့်လည်းကောင်း၊ ပဋိညာတကာရဏ ဖြင့်လည်းကောင်း၊ ရံခါ သမ္မုခါဝိနယဖြင့်လည်းကောင်း၊ တိဏဝိတ္ထာရကဝိနည်းဖြင့်လည်းကောင်း ငြိမ်းကုန်၏။ [၄-မှတ်] [မြန်-၂၅၇]

မေး၄။ အန္တရပေယျာလလာ ကိစ္စာဓိကရုဏ်းကြောင့် သင့်ရောက်သော အာပတ်တို့ကို ပြည့်စုံစွာ ဖော်ပြခဲ့ပါ။

ဖြေ။ ကိစ္စာဓိကရုဏ်းကြောင့် အာပတ် (၅)မျိုး သင့်ရောက်သည်။

၁။ နှင်ထုတ်အပ်သော ရဟန်းသို့ အတုလိုက်သော ရဟန်းမသည် ၃-ကြိမ်တိုင် ဉတ်ကမ္မဝါစာဖြင့် ဆုံးမပါလျက် အယူကို မစွန့်အံ့ ဉတ်အဆုံး၌ ဒုက္ကဋ်၊

၂။ ကမ္မဝါစာ ၂-ကြိမ် အဆုံး၌ ထုလ္လစ္စည်း

၃။ ကမ္မဝါစာ အဆုံး၌ ပါရာဇိကအာပတ်

၄။ ၃-ကြိမ်တိုင်အောင် ဉတ်ကမ္မဝါစာဖြင့် ဆုံးမပါလျက် သံဃာကို သင်းခွဲသော ရဟန်းသို့ အစဉ်လိုက်သော ရဟန်းတို့သည် အယူကို မစွန့်ကုန်အံ့၊ သံဃာဒိသေသ်အာပတ်

၅။ ၃-ကြိမ်တိုင်အောင် ဉတ်ကမ္မဝါစာဖြင့် ဆုံးမပါလျက် ယုတ်ညံ့သော အယူကို မစွန့်အံ့ ပါစိတ်အာပတ်။

[၂-မှတ်စီ ၁၀-မှတ်] [မြန်-၂၆၅]

မေး၅။ သမထ (၇)ပါးက သမထ (၁၀)ပါးဖြစ်ပုံကို အကျဉ်းမျှ ရှင်းပြ၍၊ ဒုကဝါရ-အရ သံဃာကွဲပြားပုံ အခြင်းအရာများကို လည်း ဖော်ပြခဲ့ပါ။

ဖြေ။ (က) ဝိဝါဒါဓိကရုဏ်း၏ သမထတို့သည် ၂-ပါး၊ အနုဝါဒါဓိကရုဏ်း၏ သမထတို့သည် ၄-ပါး၊ အာပတ္တာဓိကရုဏ်း၏ သမထတို့သည် ၃-ပါး၊ ကိစ္စာဓိကရုဏ်း၏ သမထသည် ၁-ပါး၊ ဤသို့ ဝတ္ထုအစွမ်းအားဖြင့်လည်းကောင်း ပရိယာယ် အစွမ်းအားဖြင့်လည်းကောင်း သမထ (၇)ပါးတို့သည် သမထ (၁၀)ပါး ဖြစ်ကြပါသည်။ [၆-မှတ်] [မြန်-၂၇၀]

(ခ) ဥပုသ်ကံအသီးသီးပြုခြင်း - စာရေးတံမဲယူခြင်းဟူသော ၂-ပါးသော အခြင်းအရာတို့ဖြင့် သံဃာကွဲပြားပါသည်။ [၄-မှတ်] [မြန်-၂၉၈]

မေး၆။ အပါယ်တို့၌ ဖြစ်လတ္တံ့သူ (၃)ယောက်တို့ကို ညွှန်ပြ၍၊ အာရညကင်ဓုတင် (တောကျောင်းနေ ဓုတင်) ဆောက်တည်သော ပုဂ္ဂိုလ်အမျိုးအစားနှင့် အကြောင်းတရားတို့ကိုလည်း ပြည့်စုံစွာ ဖော်ပြခဲ့ပါ။

ဖြေ။ ၁။ မြတ်သောအကျင့်ကို မကျင့်ဘဲလျက် မြတ်သောအကျင့်ကို ကျင့်၏-ဟု ဝန်ခံသောသူ၊

၂။ စင်ကြယ်သော မြတ်သော အကျင့်ကို ကျင့်သော ရဟန္တာကို အရင်းမရှိသော မမြတ်သော အကျင့်ဖြင့် စွပ်စွဲ သောသူ၊

၃။ ကာမဂုဏ်တို့၌ အပြစ်မရှိဟု ဆိုလေ့ရှိသည်ဖြစ်၍ ကာမဂုဏ်တို့၌ မှိုဲခြင်းသို့ ရောက်သောသူ အားဖြင့်လည်း အယူကို မစွန့်မူ၍ အပါယ်ငရဲ၌ ဖြစ်လတ္တံ့သော သူတို့သည် ၃-ယောက်တို့တည်း။ [၄-မှတ်] [မြန်-၃၀၉-၃၁၀]

အာရညကင်ဓုတင် ဆောက်တည်သော ရဟန်းမှာ -

၁။ ပညာနုံ့သည်၏ အဖြစ်ကြောင့်

၂။ မိုက်မဲတွေဝေသည်၏အဖြစ်ကြောင့်

၃။ ယုတ်မာသော အလိုရှိသည်ဖြစ်၍ အလိုဆိုးနှိပ်စက်သည်ဖြစ်၍

၄။ ရူးသောကြောင့် စိတ်နှလုံးပျံ့လွင့်သောကြောင့်

၅။ မြတ်စွာဘုရားနှင့် တပည့်သာဝကတို့သည် ချီးမွမ်းအပ်၏ဟု နှလုံးသွင်း၍ အရညကင် ခုတင်ဆောက်တည်၏၊

၆။ စင်စစ်အားဖြင့် အလိုနည်းသည်ကို သာမှီ၍၊ ရောင့်ရဲသည်ကိုသာ မှီ၍၊ ခေါင်းပါးသည်ကိုသာ မှီ၍၊ ကာယ, စိတ္တ, ဉပဓိတို့၏ ဆိတ်ငြိမ်ခြင်းကိုသာ မှီ၍ ဤကောင်းသော အကျင့်ဖြင့် အလိုရှိသော တောနေပုဂ္ဂိုလ်၏ အဖြစ်ကိုသာ မှီ၍ ခုတင်ဆောက်တည်၏။ [၆-မှတ်] [မြန်-၃၂၃]

မေး၇။ မြို့တော် (၇)ခု၌ ပညတ်ထားသော သိက္ခာပုဒ်တို့ကို မြို့အမည်နှင့် သင်္ချာ တွဲဖက် ဖော်ပြ၍၊ အာပတ်ကို ဖုံးလွှမ်းခြင်း၊ ဖွင့်ဖော်ခြင်း၏ အကျိုး အပြစ်နှင့် မှီခိုရာ ဂါထာ (၄)ပါးတို့ကိုလည်း ညွှန်ပြခဲ့ပါ။

ဖြေ။ ၁။ ဝေသာလီပြည် ၁၀-ပုဒ်

၂။ ရာဇဂြိုဟ် ၂၁-ပုဒ်

၃။ သာဝတ္ထိ ၂၉၄-ပုဒ်

၄။ အာဠဝီ ၆-ပုဒ်

၅။ ကောသမ္ဗီ ၈-ပုဒ်

၆။ သက္က ၈-ပုဒ်

၇။ ဘဂ္ဂ ၃-ပုဒ်

ပေါင်း ၃၅၀ [၃-မှတ်]

အာပတ်ကို ဖုံးလွှမ်းမှုကား အာပတ်အသစ်ထပ်၍ သင့်သဖြင့် အလွန် စိုစွတ်၏၊ ကုစားသောအားဖြင့် ဖွင့်ပါမူကား အလောင်းအသစ်ဖြစ်သော အာပတ်တို့ဖြင့် မစိုစွတ်၊ ထို့ကြောင့် အာပတ်ဖုံးလွှမ်းခြင်းကို ကုစားသောအားဖြင့် ဖွင့်ကုန်ရာ၏။ ထိုသို့ ဖွင့်ပါမူ ထိုအာပတ်သည် မစိုစွတ်။ [၃-မှတ်]

တောအုပ်သည် သား သမင်တို့၏ မှီခိုရာဖြစ်၏၊ ကောင်းကင်သည် အတောင်ရှိသော ငှက်တို့၏ မှီခိုရာဖြစ်၏၊ ဖျက်ဆီးခြင်းသည် သင်္ခတတရားတို့၏ လားရာဖြစ်၏၊ နိဗ္ဗာန်သည် ရဟန္တာပုဂ္ဂိုလ်တို့၏ လားရာဖြစ်၏။ [၅-မှတ်] (မြန်၊၃၅၅။)

မေး၈။ အဓိကရုဏ်းတို့ကို တားမြစ် ကန့်ကွက်မှုကြောင့် အာပတ်သို့ သင့်ရောက်သော ပုဂ္ဂိုလ်တို့ကို အဓိကရဏာဘေဒလာ အတိုင်း ဖော်ပြ၍၊ ကိစ္စသာ မည်၍ အဓိကရုဏ်းမမည်သော အရာတို့ကိုလည်း ဖော်ပြခဲ့ပါ။

ဖြေ။ အဓိကရုဏ်းတို့ကို တားမြစ်ကန့်ကွက်မှုကြောင့် အာပတ်သင့်ရောက်သော ပုဂ္ဂိုလ် -

၁။ ထိုနေ့ ပဉ္စင်းခံသော ရဟန်းသည် တားမြစ်ခြင်းကြောင့် ပါစိတ်

၂။ ဧည့်သည် အာဂန္တုက ရဟန်းသည် တားမြစ်ခြင်းကြောင့် ပါစိတ်

၃။ ဆုံးဖြတ်သော ဝိနည်းမိုရ်ကာရကသည် တားမြစ်ခြင်းကြောင့် ပါစိတ်

၄။ ဆန္ဒပေးသော ရဟန်းသည် တားမြစ်ခြင်းကြောင့် ပါစိတ် [၆-မှတ်] (မြန်၊၃၅၇။ ပါ၊၂၆၅။)

ကိစ္စသာမည်၍ အဓိကရုဏ်းမမည်သော အရာ - ဆရာ့ကိစ္စ၊ ဉပဇ္ဈာယ်ကိစ္စ၊ ဉပဇ္ဈာယ်တူကိစ္စ၊ ဆရာတူကိစ္စတို့ ဖြစ်ပါသည်။ [၄-မှတ်] (မြန်၊၃၇၂။ ပါ၊၂၇၇။)

မေး၉။ ပညာရှိသော တရားလို (ပဏ္ဍိတစောဒက)၏ အရည်အချင်းများကို ဖော်ပြ၍၊ တရားပြိုင် (စုဒိတက) ပုဂ္ဂိုလ်ကျင့်ရမည့် အကျင့်တို့ကိုလည်း ဖော်ပြခဲ့ပါ။

ဖြေ။ ပဏ္ဍိတစောဒက၏ အရည်အချင်း - ၁။ ရှေ့နောက်စကားကို သိ၏၊ ၂။ ရှေ့နောက်စကား၌ လိမ္မာ၏၊ ၃။ စေ့စပ်သော စကားအကြောင်းကို သိ၏၊ ၄။ စေ့စပ်သော စကားအကြောင်း၌ လိမ္မာ၏။ [၆-မှတ်] (မြန်၊၃၇၅။)

**စုတိဒကပုဂ္ဂိုလ်သည်** - ၁။ မှန်သော စကား၌လည်းကောင်း၊ ၂။ အမျက်မထွက်ခြင်း၌လည်းကောင်း ၂-ပါးသော တရားတို့၌ တည်သောအားဖြင့် ကျင့်ရမည်။ [၄-မှတ်] (မြန်၊၃၇၉။)

**မေး၁၀။** အထမမြောက်သော (မရောက်သော) ကထိန်ခင်းခြင်းတို့ကို ဖော်ပြ၍၊ ပရိဝါသ်နေသော ရဟန်းသည် အဘယ်မျှ အရာသော အာပတ်တို့ကို ညဥ့်တစ်ရာ ဖုံးလွှမ်း၍, အဘယ်မျှ ညဥ့်တို့ပတ်လုံး ပရိဝါသ်နေ၍ ယင်းအာပတ်မှ လွတ်ရသနည်း ဖြေဆိုခဲ့ပါ။

**ဖြေ။** အထမမြောက်သော ကထိန်ခင်းခြင်း

၁။ ကထိန်သင်္ကန်းလဲ ပျက်၏၊

၂။ ကာလလည်း ပျက်၏၊

၃။ အပြုလည်း ပျက်၏။ [၆-မှတ်] (မြန်၊၄၀၅။)

**ပရိဝါသ်နေသော ရဟန်းသည်** - တစ်ထောင်သော အာပတ်တို့ကို ညဥ့်တစ်ရာဖုံးလွှမ်း၍ ဆယ်ညဥ့်ပတ်လုံး ပရိဝါသ်နေ၍ ယင်းအာပတ်မှ လွတ်ရာ၏။ [၄-မှတ်] (မြန်၊၄၇၄။)

ရန်ကုန်မြို့
ဒေါက်တာ ခင်ခင်ရီ ပရိယတ္တိဖောင်ဒေးရှင်းမှ ကြီးမှူးကျင်းပသော
ပိဋကသုံးပုံ ပါဠိတော်မြန်မာပြန် စာမေးပွဲ

## အုပ်စု (၁) ဝိနယပိဋက

## ပရိဝါ ပါဠိတော် မြန်မာပြန် မေးခွန်းနှင့်အဖြေ

၁၃၇၉-ခုနှစ်၊ နယုန်လပြည့်ကျော် (၇) ရက်၊ (၁၆. ၆. ၂၀၁၇) သောကြာနေ့
ခွင့်ပြုချိန်။ ။၄- နာရီ။ (မွန်းလွဲ ၁း၀၀ နာရီမှ ညနေ ၅း၀၀ နာရီအထိ)

•••••••••••••••••••••••••••••••••••••••••••••••••

၁-မေး။ မြတ်စွာဘုရားရှင် ရေးဆွဲချမှတ်တော်မူခဲ့သော ဖွဲ့စည်းပုံအခြေခံဥပဒေတော်ကြီးတို့ကို (က) အဘယ်ပုဂ္ဂိုလ်တို့သည် ကျင့်ကုန်သနည်း (ခ)အဘယ်ပုဂ္ဂိုလ်တို့၌ တည်သနည်း (ဂ)အဘယ်ပုဂ္ဂိုလ်တို့သည် ဆောင်ကုန်သနည်း (ဃ)အဘယ်သူသည် ဆောင်ခဲ့သနည်း ဖြေဆိုခဲ့ပါ။

ဖြေ။ (က)သေက္ခပုဂ္ဂိုလ်,(ရဟန္တာကိုကြည်၍) ကျင့်ဆဲဖြစ်သော အရိယာခုနစ်ယောက်၊ ကလျာဏပုထုဇဉ်ပုဂ္ဂိုလ်တို့သည် ကျင့်ကုန်၏။

(ခ)ကျင့်ခြင်းငှာအလိုရှိကုန်သော ပုဂ္ဂိုလ်၊ ကျင့်လိုသောပုဂ္ဂိုလ်တို့၌ တည်၏။

(ဂ)အကြင်ပုဂ္ဂိုလ်တို့သည် ဥပဒေတော်ကြီးကို လေ့လာကုန်၏ ထိုပုဂ္ဂိုလ်တို့သည် ဆောင်ကုန်၏။

(ဃ)ဆရာအဆက်ဆက်ဆောင်ခဲ့၏။ (မြန်မာပြန်-၄)(၁၀-မှတ်)

•••••••••••••••••••••••••••••••••••••••••••••••••

၂-မေး။ မပေးအပ်သော သူတစ်ပါး၏ ဥစ္စာကို ခိုးယူသောရဟန်းသည် အဘယ်မျှလောက်ကုန်သော အာပတ်တို့သို့ ရောက်သနည်း ဖြေဆို၍၊ ရဟန်းယောကျ်ားအနီးမရှိသောကျောင်း၌ မိုးလေးလပတ်လုံး ဝါဆိုသော ရဟန်းမိန်းမအား သင့်ရောက်သောအာပတ်တို့ကိုလည်း တိကျစွာဖော်ပြခဲ့ပါ။

ဖြေ။ ငါးပဲထိုက်သောဥစ္စာကိုလည်းကောင်း ငါးပဲထက်အလွန်ထိုက်သောဥစ္စာကိုလည်းကောင်း ကိုယ်နှုတ်ဖြင့် မပေးဘဲ ခိုးလိုသောစိတ်ဖြင့် ခိုးယူအံ့ ပါရာဇိကအာပတ်သို့ရောက်၏။ (၂-မှတ်)

တစ်ပဲထက်အလွန်ထိုက်သောဥစ္စာကိုလည်းကောင်း ငါးပဲအောက် အယုတ်ထိုက်သောဥစ္စာကိုလည်းကောင်း ကိုယ်နှုတ်ဖြင့် မပေးဘဲ ခိုးလိုသောစိတ်ဖြင့် ခိုးယူအံ့ ထုလ္လစ္စဉ်းအာပတ်သို့ရောက်၏။ (၂-မှတ်)

တစ်ပဲထိုက်သောဥစ္စာကိုလည်းကောင်း တစ်ပဲအောက် အယုတ်ထိုက်သောဥစ္စာကိုလည်းကောင်း ကိုယ်နှုတ်ဖြင့် မပေးဘဲ ခိုးလိုသောစိတ်ဖြင့် ခိုးယူအံ့ ဒုက္ကဋ်အာပတ်သို့ရောက်၏။

(၂-မှတ်)(မြန်မာပြန်-၈၇)

မိုးလေးလပတ်လုံးနေအံ့ ဝါဆိုအံ့ဟု အိပ်ရာနေရာကိုခင်းအံ့ သောက်ရေသုံးဆောင်ရေကိုတည်ထားအံ့ ပရိဝုဏ်ကို တံမျက်စည်းလှည်းအံ့ ဒုက္ကဋ်အာပတ်သို့ရောက်၏။ (၂-မှတ်)

အရုဏ်တက်သည်နှင့်တပြိုင်နက်ပါစိတ်အာပတ်သို့ ရောက်၏။ (၂-မှတ်)(မြန်မာပြန်-၂၀၅)

၃-မေး။ မပြတ်မလပ် အမှတ်ရထိုက်သောတရားတို့တွင် (၅)ပါးမြောက်တရားကို ပြည့်စုံစွာဖော်ပြ၍၊ အာပတ္တာမိကရုဏ်း၏ တည်ရာဌာနတို့ကားအဘယ်တို့နည်း၊ အဘယ်မျှလောက်သော အခြင်းအရာတို့ဖြင့် အမှုကိစ္စသည်ဖြစ်သနည်း ဖြေဆိုခဲ့ပါ။

ဖြေ။ ရဟန်းသည် မကျိုးမပေါက် မကျားမပြောက်သည့်အပြင် တော်လှန်ခြင်းကို ပြုတတ်ကုန်သည်ဖြစ်၍ ပညာရှိတို့ ချီးမွမ်းအပ် အမှားမသုံးသပ်အပ် သမာဓိကိုဖြစ်စေတတ်ကုန်သော သီလတို့၌ သီတင်းသုံးဖော်တို့နှင့် မျက်မှောက်ဖြစ်စေ မျက်ကွယ်ဖြစ်စေ တူမျှသောသီလရှိသည်ဖြစ်၍ နေ၏ ဤသီလတရားသည်လည်း အောက်မေ့ ထိုက်သောတရားတည်း။ (၄-မှတ်)(မြန်မာပြန်-၂၄၈)

အာပတ္တာမိကရုဏ်း၏ တည်ရာဌာန- အာပတ်(၇)ပုံဖြစ်ပါသည်။ (၃-မှတ်)(မြန်မာပြန်-၂၆၈)

ဥတ်ဖြင့်လည်းကောင်း ပန်ကြားခြင်းအပလောကနကံဖြင့်လည်းကောင်း ဤနှစ်ပါးသောအခြင်းအရာတို့ဖြင့် အမှုကိစ္စသည်ဖြစ်၏။ (၃-မှတ်)(မြန်မာပြန်-၂၆၉)

၄-မေး။ ဝိနည်း၏ ခေါင်းပါးခြင်းသရုပ်တို့ကို ဒုကဝါရနှင့်အညီဖြေဆို၍၊ ပရိသတ်အလယ်၌ တင့်တယ်သော ပုဂ္ဂိုလ်လေးယောက် သရုပ်ကို ဖော်ပြပြီးလျှင်၊ စောဒနာ(၄)မျိုးတို့ကိုလည်း ထုတ်ပြခဲ့ပါ။

ဖြေ။ ဝိနည်း၏ ခေါင်းပါးခြင်း= မအပ်သည့်၌ အကြောင်းကိုပယ်သတ်ခြင်း၊ အပ်သည့်၌ အတိုင်းအရှည်ဖြင့် ပြုခြင်းအားဖြင့် နှစ်ပါးတို့တည်း။ (၂-မှတ်)(မြန်မာပြန်။၂၉၉။)

ပရိသတ်အလယ်၌ တင့်တယ်သောပုဂ္ဂိုလ် -

၁။ သီလရှိသော ကောင်းသောအကျင့်ရှိသောရဟန်းယောက်ျားသည် ပရိသတ်၌ တင့်တယ်၏။ (၁-မှတ်)

၂။ သီလရှိသော ကောင်းသောအကျင့်ရှိသောရဟန်းမိန်းမသည် ပရိသတ်၌တင့်တယ်၏။ (၁-မှတ်)

၃။ သီလရှိသော ကောင်းသောအကျင့်ရှိသောဥပါသကာယောက်ျားသည် ပရိသတ်၌တင့်တယ်၏။(၁-မှတ်)

၄။ သီလရှိသော ကောင်းသောအကျင့်ရှိသောဥပါသကာမိန်းမသည် ပရိသတ်၌တင့်တယ်၏။

(၁-မှတ်)(မြန်မာပြန်။၃၁၄။)

စောဒနာ(၄)မျိုး= ဝတ္ထုကိုပြ၍ စောဒနာခြင်း၊ အာပတ်ကိုပြ၍ စောဒနာခြင်း၊ ပေါင်းဖော်ခြင်းကိုပယ်၍ စောဒနာခြင်း၊ အရိုအသေပြုသည်ကိုပယ်၍ စောဒနာခြင်း။ (မြန်မာပြန်။၃၁၆။)(၄-မှတ်)

၅-မေး။ ခုတင်(၁၃)ပါးတို့တွင် နောက်ဆုံး(၅)ပါးကိုသာ အစဉ်ကျကျဖြေဆို၍၊ အချိန်အခါကိုလွန်၍ အိမ်သို့ကပ်ရောက်သော ရဟန်း၏ အပြစ်တို့ကိုလည်း ဖော်ပြခဲ့ပါ။

ဖြေ။ ၁။နေသဇ္ဇိကခုတင် ၂။ယထာသန္ထတိကခုတင် ၃။ကောသနိကခုတင် ၄။ခလုပစ္ဆာဘတ္တိကခုတင် ၅။ပတ္တပိဏ္ဍိကခုတင်။ (မြန်မာပြန်-၃၂၃)(၅-မှတ်)

မာတုဂါမကိုမပြတ်မြင်နေ၏၊ မပြတ်မြင်သည်ရှိသော် ကိုယ်လက်စသည်နှီးနှောခြင်းဖြစ်၏၊ နှီးနှောသည်ရှိသော် အကျွမ်းဝင်ခြင်းဖြစ်၏၊ အကျွမ်းဝင်သည်ရှိသော် ကိလေသာဘက်သို့သက်ဝင်ခြင်းဖြစ်၏၊ ကိလေသာဘက်သို့ သက်ဝင်သောစိတ်ရှိသောရဟန်း၏ ဤဆိုလတ္တံ့သောအပြစ်ကိုအလိုရှိအပ်၏၊ မမွေလျော်သည်ဖြစ်၍လည်း မြတ်သောအကျင့်ကိုကျင့်လတ္တံ့၊ တစ်ပါးသောညစ်ညူးသောအာပတ်သို့လည်းရောက်ရလတ္တံ့၊ သိက္ခာကိုချ၍ ယုတ်သောလူ့ဘောင်သို့လည်းလတ္တံ့(သိက္ခာချ၍ လူထွက်လတ္တံ့) (မြန်မာပြန်-၃၂၆)(၅-မှတ်)

၆-မေး။ ကောသမ္ဗီမြို့၌ ပညတ်အပ်သောသိက္ခာပုဒ်တို့ကို ဖော်ပြ၍၊ ဒုက္ကဋ်အာပတ်ဟုဆိုရာ၌ ယင်းဒုက္ကဋ်၏ အဓိပ္ပါယ်ဖွင့်ဆိုချက်ကိုလည်း ရေးခဲ့ပါ။

ဖြေ။ မဟလ္လကဝိဟာရသိက္ခာပုဒ်၊ ဒုဗ္ဗစသိက္ခာပုဒ်၊ အညဝါဒကသိက္ခာပုဒ်၊ ယာဝဒွါရကောသသိက္ခာပုဒ်၊ သုရာပါနသိက္ခာပုဒ်၊ အနာဒရိယသိက္ခာပုဒ်၊ သဟဓမ္မိကသိက္ခာပုဒ်၊ သုရာသုရကာရကသိက္ခာပုဒ်-တို့သည် ကောသမ္ဗီပြည်၌ ပညတ်အပ်ပါသည်။ (၄-မှတ်)(မြန်မာပြန်။၃၄၉။)

ဒုက္ကဋ်ဟူ၍ ဆိုအပ်သောအာပတ်ကို ဟုတ်မှန်သောအလျောက်နာလော့ အကြင်အမှုသည်ဟောတော်မူတိုင်း မကျင့်သည်ဖြစ်၍ ချွတ်လည်းချွတ်ယွင်း၏ ဆန့်လည်းဆန့်ကျင်၏ ချော်လည်းချော်ချွတ်၏ ထိုအမှုသည် ဒုက္ကဋ်အာပတ်မည်၏။

လူသည်မျက်မှောက်၌လည်းကောင်း သို့မဟုတ် မျက်ကွယ်၌လည်းကောင်း အကြင်ယုတ်မာသော အမှုကိုပြု၏ ထိုယုတ်မာသောအမှုကို မကောင်းသဖြင့် ပြုအပ်သောအမှု ဒုက္ကဋ်ဟူ၍ ပြောကြ[illegible] သကဲ့သို့တည်း ထို့ကြောင့် ထိုအာပတ်ကို ဒုက္ကဋ်အာပတ်ဟူ၍ဆိုအပ်၏။(၆-မှတ်)(မြန်မာပြန်[illegible])

၇-မေး။ သမထ(၇)ပါးတို့၏ သမုဋ္ဌာန်တို့ကို သင်္ချာမျှဖော်ပြ၍၊ အဓိကရုဏ်းဖြစ်ရာ၌ (က)စုဒိတက (ခ)သံဃာ (ဂ)ဝိနည်းဓိုရ်ပုဂ္ဂိုလ်တို့သည် အဘယ်သို့ကျင့်ရမည်နည်းဖြေဆိုခဲ့ပါ။

ဖြေ။ ၃၆-ဖြစ်ပါသည်။ (မြန်မာပြန်-၃၆၉)(၄-မှတ်)

(က)စုဒိတကပုဂ္ဂိုလ်သည်မှန်သောစကား၌လည်းကောင်း အမျက်မထွက်ခြင်း၌လည်းကောင်း နှစ်ပါးသောတရားတို့၌ ကျင့်အပ်၏။ (၂-မှတ်)

(ခ)သံဃာသည် သက်သောစကား မသက်သောစကားကို သိအပ်၏။ (၂-မှတ်)

(ဂ)ဝိနည်းဓိုရ်ပုဂ္ဂိုလ်သည် ဟုတ်မှန်သောဝတ္ထုဖြင့် အကြင်စောဒနာသာသာရဏာဝိနည်းဖြင့် အကြင် မြတ်စွာဘုရား၏ အဆုံးအမတော်ဖြင့် ထိုအဓိကရုဏ်းသည်ငြိမ်း၏ ထိုအခြင်းအရာဖြင့် ထိုအဓိကရုဏ်းကို ငြိမ်းအေးစေအပ်၏ ဝိနည်းဓိုရ်ပုဂ္ဂိုလ်သည် ဤသို့ကျင့်အပ်၏။ (မြန်မာပြန်-၃၇၉)(၂-မှတ်)

၈-မေး။ ပြုအပ်သည် မပြုအပ်သည်ကို သိထိုက်၏ဟူသည် အဘယ်နည်း ဖြေဆို၍၊ (က)ပုဂ္ဂိုလ်နှင့်သာစပ်သော ကထိန်နုတ်ခြင်း (ခ)သိမ်အပြင်၌သာ ကထိန်နုတ်ခြင်း သရုပ်တို့ကိုလည်း ဖော်ပြခဲ့ပါ။

**ဖြေ။** **ပြုအပ်သည် မပြုအပ်သည်ကို သိထိုက်၏ဟူသည်ကား- မေထုန်အကျင့်ကို သိထိုက်၏၊ မေထုန်အကျင့်အား လျှော်သည်ကိုသိထိုက်၏၊ မေထုန်အကျင့်၏ရှေ့အဖို့ကိုသိထိုက်၏။ (မြန်မာပြန်။၃၈၆။)(၄-မှတ်)**

**(က)ဖဲသွားခြင်းအဆုံးရှိသောကထိန်နုတ်ခြင်း၊ ပြီးဆုံးခြင်းအဆုံးရှိသောကထိန်နုတ်ခြင်း၊ ဆုံးဖြတ်ခြင်း အဆုံးရှိသော ကထိန်နုတ်ခြင်း၊ အပိုင်းအခြားကိုလွန်ခြင်းအဆုံးရှိသော ကထိန်နုတ်ခြင်း။**

**(၃-မှတ်)(မြန်မာပြန်။၄၀၉။)**

**(ခ)ဖဲသွားခြင်းအဆုံးရှိသော ကထိန်နုတ်ခြင်း၊ ကြားခြင်းအဆုံးရှိသော ကထိန်နုတ်ခြင်း၊ သိမ်ကိုလွန်ခြင်း အဆုံးရှိသော ကထိန်နုတ်ခြင်း။ (၃-မှတ်)(မြန်မာပြန်။၄၁၀။)**

၉-မေး။ မဟုတ်မမှန်ပြောခြင်းမုသာဝါဒတို့သည် အဘယ်မျှရှိသနည်းဖြေဆို၍၊ ပြည့်စုံခြင်း(၅)ပါးကိုလည်း ဖော်ပြခဲ့ပါ။

**ဖြေ။** **ပါရာဇိကသို့ရောက်ကြောင်းမုသာဝါဒသည်ရှိ၏။**

**သံဃာဒိသေသ်သို့ရောက်ကြောင်းမုသာဝါဒသည်ရှိ၏**

**ထုလ္လစ္စဥ်းသို့ရောက်ကြောင်းမုသာဝါဒသည်ရှိ၏**

**ပါစိတ်သို့ရောက်ကြောင်းမုသာဝါဒသည်ရှိ၏**

**ဒုက္ကဋ်သို့ရောက်ကြောင်းမုသာဝါဒသည်ရှိ၏။ (မြန်မာပြန်-၄၃၉)(၅-မှတ်)**

**ပြည့်စုံခြင်း(၅)ပါး=**

ဆွေမျိုးပြည့်စုံခြင်း၊ စည်းစိမ်ပြည့်စုံခြင်း၊ ရောဂါကင်းခြင်း၏ ပြည့်စုံခြင်း၊ သီလပြည့်စုံခြင်း၊ အယူပြည့်စုံခြင်း။ **(မြန်မာပြန်-၄၄၂)(၅-မှတ်)**

၁၀-မေး။ ရှိမခိုးအပ်သောပုဂ္ဂိုလ်တို့တွင် (တတိယမြောက်နည်းအလို) ရှိမခိုးအပ်သောပုဂ္ဂိုလ်တို့ကို ဖော်ပြ၍၊ အရုဏ်တက်ရာအခါ၌ အဘယ်မျှသောအာပတ်တို့သို့ရောက်သနည်း သချာမျှသာဖြေဆိုခဲ့ပါ။

ဖြေ။ **ခဲဆဲသောသူကို မရှိခိုးအပ်၊ စားဆဲသောသူကို မရှိခိုးအပ်၊ ကျင်ကြီးစွန့်ဆဲသောသူကို မရှိခိုးအပ်၊ ကျင်ငယ်စွန့်ဆဲသောသူကို မရှိခိုးအပ်၊ ဥက္ခိတ္တကရဟန်းကို မရှိခိုးအပ်။(မြန်မာပြန်။၄၆၁။)(၅-မှတ်)**

အရုဏ်တက်သည်၌ သုံးပါးသောအာပတ်သို့ရောက်၏။ **(မြန်မာပြန်။၄၆၈။)(၅-မှတ်)**

၁၃၈၀-ခုနှစ်၊ ပိဋကတ်မြန်မာပြန်စာမေးပွဲ-

## ပရိဝါပါဠိတော်မြန်မာပြန်- မေးခွန်း+အဖြေလွှာ

မေး ၁။ ဇမ္ဗူဒိပ်ကျွန်း၌ ဝိနည်းပိဋကတ်ကို ပို့ချတော်မူကြသော မထေရ်မြတ်များနှင့် ဇမ္ဗူဒိပ်ကျွန်းမှ သီဟိုဠ်ကျွန်းသို့ ကြွတော်မူလာကြသော မထေရ်မြတ်များကို အစဉ်တကျ ဖြေဆိုခဲ့ပါ။

ဖြေ ၁။

ဝိနည်းပိဋကတ်ကို ပို့ချတော်မူကြသော မထေရ်မြတ်များ

ဥပါလိမထေရ်၊ ဒါသကမထေရ်၊ သောဏကမထေရ်၊ သိဂ္ဂဝမထေရ်၊ မောဂ္ဂလိပုတ္တတိဿမထေရ်။ (၅-မှတ်)

သီဟိုဠ်ကျွန်းသို့ ကြွတော်မူလာကြသော မထေရ်မြတ်များ

မဟိန္ဒမထေရ်၊ ဣဋ္ဋိယမထေရ်၊ ဥတ္တိယမထေရ်၊ သမ္ဗလမထေရ်၊ ဘဒ္ဒမထေရ်။ (၅-မှတ်)

[နှာ-၅]

## ပရိဝါပါဠိတော်မြန်မာပြန်- မေးခွန်း+အဖြေလွှာ

မေး ၂။ ဘိက္ခုနီ အသာဓါရဏပါရာဇိကသိက္ခာပုဒ်တို့သည် အဘယ်ပုဂ္ဂိုလ်,အဘယ်သမုဋ္ဌာန်အားဖြင့် ပညတ်တော်မူသည်ကို သိက္ခာပုဒ်အမည်နှင့်တကွ တွဲစပ်ဖြေဆိုခဲ့ပါ။

ဖြေ ၂။ ၁။ ဥဗ္ဘဇာဏုမဏ္ဍလိကသိက္ခာပုဒ် + သုန္ဒရီနန္ဒာ + ကာယ-ဝစီသမုဋ္ဌာန်၊
၂။ ဝဇ္ဇပဋိစ္ဆာဒိကသိက္ခာပုဒ် + ထုလ္လနန္ဒာ + ကာယ-ဝစီ-စိတ္တသမုဋ္ဌာန်၊
၃။ ဥက္ခိတ္တာနုဝတ္တိကသိက္ခာပုဒ် + ထုလ္လနန္ဒာ + ကာယ-ဝစီ-စိတ္တသမုဋ္ဌာန်၊
၄။ အဋ္ဌဝတ္ထုကသိက္ခာပုဒ် + ဆဗ္ဗဂ္ဂီရဟန်းမများ + ကာယ-ဝစီ-စိတ္တသမုဋ္ဌာန်။ (၁၀-မှတ်)
(နှာ-၁၃၉)

## ပရိဝါပါဠိတော်မြန်မာပြန်- မေးခွန်း+အဖြေလွှာ

မေး ၃။ အောက်ပါပုဂ္ဂိုလ်တို့ သင့်ရောက်နိုင်သမျှသော အာပတ်တို့ကို အခြင်းအရာနှင့်တကွ ဖြေဆိုခဲ့ပါ။ (က) 'မုသားမပါ လက်ာမရှော'ဟုဆို၍ မုသားစကား လှိုင်လှိုင်ပြောသောရဟန်း၊ (ခ) တရားခွင်၌ တရားတွေ (တရားစွဲ)သော ရဟန်းမ။

မေး ၃။ (က)

ယုတ်မာသော အလိုဆိုးဖြင့် ထင်ရှားမရှိသော ဥတ္တရိမနုဿဓမ္မကို ပြောဆိုခြင်းကြောင့် ပါရာဇိကအာပတ်၊
ရဟန်းကို အခြေအမြစ်မရှိသော ပါရာဇိကအာပတ်ဖြင့် စွပ်စွဲခြင်းကြောင့် သံဃာဒိသေသ် အာပတ်၊
"သင့်ကျောင်းမှာနေတဲ့ ရဟန်းဟာ ရဟန္တာပဲ"ဟု ပြော၍ သိသော် ထုလ္လစ္စည်းအာပတ်၊
မသိသော် ဒုက္ကဋ်အာပတ်၊
သိလျက် မဟုတ်မမှန်သောစကားကို ပြောဆိုခြင်းကြောင့် ပါစိတ်အာပတ်။ (၆-မှတ်) (နှာ-၉၅)

(ခ)

တစ်ယောက်သောသူအား ပြောကြားခြင်းကြောင့် ဒုက္ကဋ်အာပတ်၊
နှစ်ယောက်သောသူအား ပြောကြားခြင်းကြောင့် ထုလ္လစ္စည်းအာပတ်၊
တရားတွေသည်၏အဆုံး၌ သံဃာဒိသေသ်အာပတ်။ (၄-မှတ်) (နှာ-၁၉၅)

## ပရိဝါပါဠိတော်မြန်မာပြန်- မေးခွန်း+အဖြေလွှာ

မေး ၄။ အမျက်ထွက်ခြင်းသည် အဘယ်ကြောင့် ဝိဝါဒါဓိကရုဏ်းကို ဖြစ်စေသည်ကို ရှင်းလင်း ဖြေဆို၍၊ သီလပျက်စီးခြင်းကြောင့် သင့်ရောက်နိုင်သော အာပတ်တိုကိုလည်း အခြင်းအရာနှင့်တကွ ဖြေဆိုခဲ့ပါ။

ဖြေ ၄။

အမျက်ထွက်သော ရဟန်းသည် မြတ်စွာဘုရား၌ မရိုသေ၊ တရားတော်၌လည်း မရိုသေ၊ သံဃာတော်၌လည်း မရိုသေ၊ သိက္ခာသုံးပါး၌လည်း ဖြည့်ကျင့်ခြင်းမရှိ၊ ဘုရားတရားသံဃာ၌ ရိုသေခြင်းမရှိသော သိက္ခာသုံးပါး၌ ဖြည့်ကျင့်ခြင်းမရှိသော ထိုရဟန်းသည် သံဃာ၌ ငြင်းခုံခြင်း (ဝိဝါဒါဓိကရုဏ်း)ကို ဖြစ်စေပါသည်။ (၅-မှတ်) (နှာ-၂၄၄)

-ရဟန်းမသည် သိလျက် ပါရာဇိကအာပတ်ကို ဖုံးလွှမ်းခြင်းကြောင့် ပါရာဇိကအာပတ်၊
-ယုံမှားသည်ဖြစ်၍ ဖုံးလွှမ်းခြင်းကြောင့် ထုလ္လစ္စည်းအာပတ်၊
-ရဟန်းသည် သံဃာဒိသေသ်အာပတ်ကို ဖုံးလွှမ်းခြင်းကြောင့် ပါစိတ်အာပတ်၊
- မိမိ၏ရှုန့်ရင်းသော အာပတ်ကို ဖုံးလွှမ်းခြင်းကြောင့် ဒုက္ကတ်အာပတ်။ (၅-မှတ်) (နှာ-၂၅၉)

## ပရိဝါပါဠိတော်မြန်မာပြန်- မေးခွန်း+အဖြေလွှာ

မေး ၅။ အဘယ်သမထတို့သည် အဘယ်အဓိကရဏ်းတို့ကို ငြိမ်းစေပါသနည်း? ခွဲခြား ဖြေဆို၍၊ အာပတ္တာဓိကရဏ်းသည် ကုသိုလ်လော?အကုသိုလ်လော?အဗျာကတလော? ဆုံးဖြတ် ခဲ့ပါ။

ဖြေ ၅။

၁။ ဝိဝါဒါဓိကရဏ်း = သမ္မုခါဝိနယသမထ၊ ယေဘုယျသိကာသမထ၊

၂။ အနုဝါဒါဓိကရဏ်း= သမ္မုခါဝိနယသမထ၊ သတိဝိနယသမထ၊ အမူဠ္ဟဝိနယသမထ၊ တဿပါပိယသိကာသမထ၊

၃။ အာပတ္တာဓိကရဏ်း = သမ္မုခါဝိနယသမထ၊ သတိဝိနယသမထ၊ တိဏဝတ္ထာရက သမထ၊

၄။ ကိစ္စာဓိကရဏ်း = သမ္မုခါဝိနယသမထ။ (၇-မှတ်) (နှာ-၂၇၉)

အာပတ္တာဓိကရဏ်းသည် ရံခါ ကုသိုလ်၊ ရံခါ အဗျာကတ၊ ကုသိုလ်ဖြစ်သော အာပတ္တာဓိကရဏ်း မရှိ။ (၃-မှတ်) (နှာ-၂၇၅)



မေး ၆။ ကေ့ဝတ္တရိက ဒုကဝါရလာ ရဟန်းမခံပေးထိုက်သော ပုဂ္ဂိုလ်တို့ကို ဖြေဆို၍၊ အာသဝေါတရား တိုးပွါးစေသောပုဂ္ဂိုလ်တို့ကိုလည်း ဖြေဆိုခဲ့ပါ။

ဖြေ ၆။ အသက် ၂၀-မပြည့်သောသူ၊ ကိုယ်အင်္ဂါ ချို့သောသူ၊ ပဏ္ဍကစသော ဝတ္ထုချို့သောသူ၊ မာတုဃာတကစသော မကောင်းမှုရှိသူ၊ သပိတ်သင်္ကန်း မပြည့်စုံသူ၊ ပြည့်စုံသော်လည်း ရဟန်းအဖြစ် မတောင်းပန်သူ။ (၅-မှတ်) (နှာ-၂၉၈)

ကုက္ကုစ္စမပြုသင့်သည်ကို ကုက္ကုစ္စပြုသောသူ၊
ကုက္ကုစ္စပြုသင့်သည်ကို ကုက္ကုစ္စမပြုသောသူ၊
မအပ်သည်၌ အပ်၏ဟု အမှတ်ရှိသောသူ၊
အပ်သည်၌ မအပ်ဟု အမှတ်ရှိသောသူ၊
အာပတ်မသင့်သည်၌ အာပတ်သင့်၏ဟု အမှတ်ရှိသောသူ၊
အာပတ်သင့်သည်၌ အာပတ်မသင့်ဟု အမှတ်ရှိသောသူ၊
တရားမဟုတ်သည်၌ တရားဟုတ်၏ဟု အမှတ်ရှိသောသူ၊
တရားဟုတ်သည်၌ တရားမဟုတ်ဟု အမှတ်ရှိသောသူ၊
ဝိနည်းမဟုတ်သည်၌ ဝိနည်းဟုတ်၏ဟု အမှတ်ရှိသောသူ၊
ဝိနည်းဟုတ်သည်၌ ဝိနည်းမဟုတ်ဟု အမှတ်ရှိသောသူ။ (၅-မှတ်) (နှာ-၃၀၁)

## ပရိတ်ပါဠိတော်မြန်မာပြန်- မေးခွန်း+အဖြေလွှာ

မေး ၇။ ရဟန္တာရဟန်းသော်မှ မကျက်စားသင့်သော ကျက်စားရာတို့ကို ဖြေဆို၍၊ ဝိနည်းတော်နှင့်အညီ ကျင့်သုံးနေထိုင် ခြင်း၏ အကျိုးတရားများကိုလည်း ဖြေဆိုခဲ့ပါ။

ဖြေ ၇။ ပြည့်တန်ဆာမဟူသော ကျက်စားရာ၊ မုဆိုးမဟူသော ကျက်စားရာ၊ အပျိုဟိုင်းဟူသော ကျက်စားရာ၊ ပဏ္ဍုက်ဟူသော ကျက်စားရာ၊ ဘိက္ခုနီဟူသော ကျက်စားရာ။ (၅-မှတ်) (နှာ-၃၁၉)

မိမိ၏ သီလကို ကောင်းစွာလုံခြုံ စောင့်ရှောက်နိုင်ခြင်း၊
ကုက္ကုစ္စနှိပ်စက်သော ရဟန်းတို့၏ ကိုးကွယ် အားထားရာဖြစ်ခြင်း၊
သံဃာ့ပရိသတ်အလယ်၌ ရဲရင့်စွာ ပြောဆိုနိုင်ခြင်း၊
ရန်သူတို့ကို အကြောင်းနှင့်တကွ ကောင်းစွာနှိမ်နင်းနိုင်ခြင်း။ (၅-မှတ်) (နှာ-၃၂၆)

## ပရိတ်ပါဠိတော်မြန်မာပြန်- မေးခွန်း+အဖြေလွှာ

မေး ၈။ မြတ်စွာဗုဒ္ဓသည် အဘယ်အကျိုးတရားများကို ရှုမြင်တော်မူ၍ မေတ္တာတရားပွါးများစေသည်ကို စာဖြေသူ လေ့လာခဲ့သမျှ ပြည့်စုံစွာ ဖြေဆိုခဲ့ပါ။

ဖြေ ၈။ ၁။ ချမ်းသာစွာ အိပ်ရခြင်း၊ ၂။ ချမ်းသာစွာ နိုးရခြင်း၊ ၃။ မကောင်းသော အိပ်မက်ကို မမြင်မက်ခြင်း၊ ၄။ လူတို့ ချစ်ခြင်း၊ ၅။ နတ်တို့ ချစ်ခြင်း၊ ၆။ နတ်တို့ စောင့်ရှောက်ခြင်း၊ ၇။ မီး အဆိပ် လက်နက်တို့ ကိုယ်ခန္ဓာသို့ မဝင်နိုင်ခြင်း၊ ၈။ လျင်မြန်စွာ စိတ်တည်ကြည်ခြင်း၊ ၉။ မျက်နှာအဆင်း ကြည်လင်ခြင်း၊ ၁၀။ မတွေမဝေ သေရခြင်း၊ ၁၁။ မေတ္တာစျာန်ထက် လွန်သော အရဟတ္တဖိုလ်ကို ထိုးထွင်းမသိပါက ဗြဟ္မာ့ဘုံသို့ ရောက်ရခြင်း။ (၁၀-မှတ်) (နှာ-၃၄၀)

## ပရိဝါပါဠိတော်မြန်မာပြန်- မေးခွန်း+အဖြေလွှာ

မေး ၉။ ပုဂ္ဂိုလ်က ကထိန်ခင်းခြင်းဖြစ်ပါလျက် သံဃ,ဂဏတို့လည်း ကထိန်ခင်းသည်မည်သည်ကို ဥပမာအားဖြင့် ထင်ရှားအောင် ရှင်းလင်းဖြေဆိုခဲ့ပါ။

ဖြေ ၉။ ဥပုသ်ပြုရာ၌ သံဃာသည် ပါတိမောက်ကို မပြ၊ ဂိုဏ်းသည် ပါတိမောက်ကို မပြ၊ ပုဂ္ဂိုလ်ကသာ ပါတိမောက်ကို ပြသော်လည်း သံဃာ၏ ညီညွတ်ခြင်း ဂိုဏ်း၏ ညီညွတ်ခြင်းဖြင့် ပုဂ္ဂိုလ်၏ ပါတိမောက်ပြခြင်းကြောင့် သံဃာသည် ပါတိမောက်ကို ပြသည်, ဂိုဏ်းသည် ပါတိမောက်ကို ပြသည်, ပုဂ္ဂိုလ်သည် ပါတိမောက်ကို ပြသည်မည်သကဲ့သို့-

- သံဃာသည် ကထိန်ကို မခင်း၊ ဂိုဏ်းသည် ကထိန်ကို မခင်း၊ ပုဂ္ဂိုလ်ကသာ ကထိန်ကို ခင်းသော်လည်း သံဃာ၏ ဝမ်းမြောက်ခြင်း ဂိုဏ်း၏ ဝမ်းမြောက်ခြင်းဖြင့် ပုဂ္ဂိုလ်၏ ခင်းခြင်းကြောင့် သံဃာသည် ကထိန်ကို ခင်းအပ်သည်, ဂိုဏ်းသည် ကထိန်ကို ခင်းအပ်သည်, ပုဂ္ဂိုလ်သည် ကထိန်ကို ခင်းအပ်သည် မည်ပါသည်။ (၁၀-မှတ်) (နှာ-၄၀၇)

## ပရိဝါပါဠိတော်မြန်မာပြန်- မေးခွန်း+အဖြေလွှာ

မေး ၁၀။ မရှိနိုးထိုက်သော နောက်ဆုံးပုဂ္ဂိုလ်(၅)ဦးကို ဖြေဆို၍၊ ဥတ္တိစတုတ္ထကမ္မဝါစာဖြင့် ပြုနိုင်သော အမှုတို့ကိုလည်း တိကျစွာ ဖြေဆိုခဲ့ပါ။

ဖြေ ၁၀။ ၁။ ပရိဝါသ်နေသောသူ၊ ၂။ အရင်းသို့ ငင်ထိုက်သူ၊
၃။ မာနတ်ထိုက်သောသူ၊ ၄။ မာနတ်ကျင့်သောသူ၊
၅။ အဗ္ဘာန်ထိုက်သောသူ။ (နှာ-၄၆၁) (၅-မှတ်)

သွင်းခြင်းကံ၊ ထုတ်ခြင်းကံ၊ သမုတ်ခြင်းကံ၊ သက်နှံးစသည်ကို ပေးခြင်းကံ၊ နှိပ်ခြင်းကံ၊ ဆုံးမခြင်းကံ၊ ကံသည်သာ လက္ခဏာဖြစ်သောကံ။ (နှာ-၄၈၈) (၅-မှတ်)

၂၀၁၉ (၁၃၈၁) ခုနှစ်၊ ပိဋကသုံးပုံ မြန်မာပြန် စာမေးပွဲ

## ပရိဝါဘာသာ မေးခွန်းနှင့် အဖြေ

**မေး။၁။** ပဥ္စမပါရာဇိကသိက္ခာပုဒ်၌ ဝိနယ,အဘိဝိနယတို့ဟူသည် အဘယ်နည်း? မြတ်စွာဘုရားသည် ပဥ္စမပါရာဇိကသိက္ခာပုဒ်ကို ပညတ်ခြင်းကြောင့် ရရှိသောအကျိုးထူးတို့ကို အစ(၆)ချက်မျှ ဖြေဆိုခဲ့ပါ။

**ဖြေ။၁။** ဝိနယဟူသည် ပညတ်'အကြင်ရဟန်းသည် အစရှိသဖြင့် ဟောအပ်သော မာတိကာ' သည် ဝိနယမည် ၏။ (၂-မှတ်)

ဝိဘင်း 'ပုဒ်ကို ခွဲခြားဝေဖန်ခြင်း ပဒဘာဇနီ' သည် အဘိဝိနယမည်၏။ (ပြန်-၃) (၂-မှတ်)

အစ(၆)ချက်-

၁။ သံဃာတော်၏ ကောင်းပါပြီဟု ဝန်ခံကျင့်သုံးရန်

၂။ သံဃာတော်များ ချမ်းသာစေရန်

၃။ အကျင့်သီလဖောက်ဖျက်သူတို့ကို နှိမ်နင်းရန်

၄။ အကျင့်သီလကို ချစ်မြတ်နိုးသောရဟန်းတို့ ချမ်းသာစွာနေနိုင်ရန်

၅။ မျက်မှောက်၌ဖြစ်ကုန်သော ဆင်းရဲအထူးတို့ကို စောင့်စည်းရန်

၆။ နောင်ဖြစ်လတ္တံ့ကုန်သော ဆင်းရဲအထူးတို့ကို ပယ်ရှားရန်(ပြန်-၄) (၆-မှတ်)

**မေး။၂။** သိလျက် မဟုတ်မမှန်ပြောသောရဟန်းအား အာပတ်သင့်၏ဟူသော ပညတ်ချက်ကို အဘယ် အရပ်၌ အဘယ်သူကိုအကြောင်းပြု၍ ပညတ်သနည်း? ဖြေဆို၍၊ ထိုသို့မဟုတ်မမှန်ပြော ခြင်းကြောင့် အဘယ်မျှ လောက်သောအာပတ်တို့သို့ ရောက်သည်ကို သင့်ရောက်ပုံနှင့်တကွ ဖြေဆိုခဲ့ပါ။

**ဖြေ။၂။** သိလျက် မဟုတ်မမှန်ပြောသောရဟန်းအား အာပတ်သင့်၏ဟူသော ပညတ်ချက်ကို- သာဝတ္ထိပြည် သာကီဝင်မင်းသားအရှင်ဟတ္ထကကို အကြောင်းပြု၍ ပညတ်တော်မူပါသည်။(ပြန်-၃၇) (၄-မှတ်)

သင့်ရောက်သောအာပတ်တို့ကား-

ယုတ်မာသောအလိုရှိသည်ဖြစ်၍ အလိုရမ္မက်နှိပ်စက်သည်ဖြစ်၍ ထင်ရှားမရှိဘဲ မဟုတ်မမှန်ဘဲ လူတို့၏ ကုသလကမ္မပထတရားဆယ်ပါးထက် လွန်မြတ်သောဈာန်မဂ်ဖိုလ်တရားကို ငါရ၏ဟု ပြောဆိုအံ့ ပါရာဇိကအာပတ်ဖြင့် စွပ်စွဲအံ့ သံဃာဒိသေသ်အာပတ်သို့ရောက်၏။ သင်၏ကျောင်း၌နေသောရဟန်းသည် ရဟန္တာတည်းဟုပြောအံ့ သိသည်ရှိသော် ထုလ္လစ္စည်းအာပတ်သို့ ရောက်၏၊ မသိသည်ရှိသော် ဒုက္ကဋ် အာပတ်သို့ရောက်၏။

သိလျက်မဟုတ်မမှန်သောစကားကို ပြောဆိုခြင်းကြောင့် ပါစိတ်အာပတ်သို့ရောက်၏။

ဤငါးပါးသောအာပတ်တို့သို့ ရောက်၏။(ပြန်-၉၅) (၆-မှတ်)

မေး။၃။ ရှစ်ခုမြောက်သောဝတ္ထုကို ပြည့်စေသောရဟန်းမ သင့်ရောက်သောအာပတ်တို့ကို သင့်ရောက်ပုံနှင့် တကွဖြေဆို၍၊ ဝိနီတဝတ္ထုငါးပါးတို့ဟူသည် အဘယ်နည်း? ဖြေဆိုခဲ့ပါ။

ဖြေ။ ၃။ ရှစ်ခုမြောက်သောဝတ္ထုကို ပြည့်စေသောရဟန်းမ သင့်ရောက်သောအာပတ်-

ယောက်ျားက ဤမည်သောအရပ်သို့လာခဲ့လောဟု ဆိုအပ်သည်ဖြစ်၍ သွားအံ့ ဒုက္ကဋ်အာပတ်သို့ ရောက်၏။ (မှာထားသော)ယောက်ျား၏ နှစ်ထောင့်တွာဟတ္ထပါသ်အတွင်းသို့သက်ဝင်ကာမျှ၌ ထုလ္လစ္စဥ်း အာပတ်သို့ ရောက်၏။ ရှစ်ခုမြောက်သောဝတ္ထုကို ပြည့်စေအံ့ ပါရာဇိကအာပတ်သို့ရောက်၏။ ဤသုံးပါးသောအာပတ်တို့သို့ ရောက်၏။(ပြန်-၁၉၄/၅) (၅-မှတ်)

ဝိနီတဝတ္ထု(၅)ပါးတို့ဟူသည်-

ငါးပါးသောအာပတ်အစုတို့မှ ဝေးစွာကြဉ်ရှောင်ခြင်းကင်း၍ ကြဉ်ရှောင်ခြင်းအသီးသီးကင်း၍ ကြဉ်ရှောင်ခြင်းရာဂအစရှိသောရန်ကို ဖျက်ဆီးခြင်း, မကျင့်ခြင်း, မပြုခြင်း, (အာပတ်အစုသို့လွန်ကျူး၍) မရောက်ခြင်း, (ပညတ်တည်းဟူသော)ကမ်းကို မလွန်ခြင်း, အာပတ်အစုကို ပယ်ဖျောက်ဖျက်ဆီးခြင်း။ (ပြန်-၂၄၃) (၅-မှတ်)

မေး။၄။ ပဌမအာပတ္တိသမုဋ္ဌာန်ကြောင့် သင့်ရောက်သောအာပတ်, ဒိဋ္ဌိဝိပတ္တိဟူသောအကြောင်းကြောင့် သင့်ရောက်သောအာပတ်တို့ကို သင့်ရောက်ပုံနှင့်တကွ ညွှန်ပြ၍၊ ဝိဝါဒါဓိကရုဏ်း၏ဟိတ်တို့ကား အဘယ်နည်း? ဖြေဆိုခဲ့ပါ။

ဖြေ။၄။ ပဌမအာပတ္တိသမုဋ္ဌာန်ကြောင့် သင့်ရောက်သောအာပတ်တို့ကား-

ရဟန်းသည် အပ်၏ဟု အမှတ်ရှိသည်ဖြစ်၍ ကိုယ်တိုင်တောင်းအပ်သောအရာဝတ္ထုဖြင့် မကြားအပ်သော နေရာရှိသော အတိုင်းအရှည်ကိုလွန်သော ဘေးရန်ရှိသော လှည့်လည်လောက်သော ဥပစာမရှိသော ကုဋိကျောင်းကိုပြုအံ့ အားထုတ်ခြင်းပယောဂ၌ ဒုက္ကဋ်အာပတ်, မြေစိုင်တစ်ခုသည် မရောက်မီ ထုလ္လစ္စဥ်းအာပတ်, ထိုမြေစိုင်ရောက်သောအခါ သံဃာဒိသေသ်အာပတ်တို့သို့ ရောက်၏။

ရဟန်းသည် အပ်၏ဟု အမှတ်ရှိသည်ဖြစ်၍ နေလွဲသောအခါ၌ စားဖွယ်ကိုစားအံ့ ပါစိတ်အာပတ်သို့ ရောက်၏။ ရဟန်းသည် အပ်၏ဟု အမှတ်ရှိသည်ဖြစ်၍ ရွာတွင်းသို့ဝင်သော ဆွမ်းမတော်သော

ရဟန်းသည် အပ်၏ဟု အမှတ်ရှိသည်ဖြစ်၍ နေလွဲသောအခါ၌ စားဖွယ်ကိုစားအံ့ ပါစိတ်အာပတ်သို့ ရောက်၏၊ ရဟန်းသည် အပ်၏ဟု အမှတ်ရှိသည်ဖြစ်၍ ရွာတွင်းသို့ဝင်သော ဆွမ်းမတော်သော ရဟန်းမိန်းမ၏လက်မှ ခဲဖွယ်ကိုလည်းကောင်း စားဖွယ်ကိုလည်းကောင်း မိမိလက်ဖြင့် ခံယူ၍စားအံ့ ပါဋိဒေသနီ အာပတ်သို့ ရောက်၏။ (ပြန်-၂၅၁) (၆-မှတ်)

ဒိဋ္ဌိဝိပတ္တိဟူသောအကြောင်းကြောင့် သင့်ရောက်သောအာပတ်တို့ကား-

သုံးကြိမ်တိုင်အောင်ဆုံးမပါလျက် အယူကိုမစွန့်လျှင် ဉတ်၏အဆုံး၌ ဒုက္ကဋ်အာပတ်, ကမ္မဝါစာ၏ အဆုံး၌ ပါစိတ်အာပတ်သို့ ရောက်၏။ (ပြန်-၂၆၀) (၂-မှတ်)

ဝိဝါဒါဓိကရုဏ်း၏ဟိတ်တို့ကား-

ကုသိုလ်ဟိတ်(၃)ပါး၊ အကုသိုလ်ဟိတ်(၃)ပါး၊ အဗျာကတဟိတ်(၃)ပါးဟူသော- ဟိတ်(၉)ပါးတို့တည်း။(ပြန်-၂၆၇) (၂-မှတ်)

မေး။၅။ နာနာသံဝါသကဘူမိသရုပ်ကို ဒုကဝါရနှင့်အညီ ဖြေဆို၍၊ အပါယ်ငရဲ၌ဖြစ်လတ္တံ့သော ပုဂ္ဂိုလ်တို့ကိုလည်း တိကဝါရနှင့်အညီ ထုတ်ပြခဲ့ပါ။

ဖြေ။၅။ နာနာသံဝါသကဘူမိ(ဘုံ)သရုပ်-
နာနာသံဝါသကဘုံတို့သည် မိမိသည်ပင်လျှင် မိမိကိုယ်ကို အထူးထူးသောပေါင်းဖော်ခြင်းရှိသည်ကို ပြုခြင်း၊ညီညွတ်သောသံဃာက ထိုရဟန်းကို အာပတ်ကို မရှု, မကု, အယူကို မစွန့်ခြင်းတို့ကြောင့် နှင်ထုတ်ခြင်းအားဖြင့် နှစ်ပါးတို့တည်း။ (ပြန်-၂၉၇) (၄-မှတ်)

အပါယ်ငရဲ၌ဖြစ်လတ္တံ့သော ပုဂ္ဂိုလ်တို့ကား-
၁။ မြတ်သောအကျင့်ကို မကျင့်ဘဲလျက် မြတ်သောအကျင့်ကို ကျင့်၏ဟု ဝန်ခံသောသူ၊
၂။ စင်ကြယ်သော မြတ်သောအကျင့်ကို ကျင့်သော ရဟန္တာကို အရင်းမရှိသော မမြတ်သောအကျင့်ဖြင့် စွပ်စွဲသောသူ၊
၃။ ကာမဂုဏ်တို့၌ အပြစ်မရှိဟု ဆိုလေ့ရှိသည်ဖြစ်၍ ကာမဂုဏ်တို့၌မှိုဝဲခြင်းသို့ရောက်သောသူ၊ (ပြန်-၃၁၀) (၆-မှတ်)

မေး။၆။ အိမ်သို့ကပ်သော ရဟန်း၏ အပြစ်(၅)ပါးကို ရေး၍၊ ဝိနည်းဓိုရ်ပုဂ္ဂိုလ်၏ အင်္ဂါအစု(၇)ပါးစီတို့တွင်ပဥ္စမ(၇)ပါးအစု၏ အစဆုံး(၅)ပါးကိုသာ သတ္တကဝါရနှင့်အညီ ထုတ်ပြခဲ့ပါ။

ဖြေ။၆။ အိမ်သို့ကပ်သောရဟန်း၏ အပြစ်(၅)ပါးတို့ကား-
၁။ အနာမန္တစာရသိက္ခာပုဒ်၌ ဟောအပ်သောအာပတ်သို့ရောက်၏၊

၅။ များသောကာမဂုဏ်နှင့်စပ်သော အကြံအစည်ရှိသည်ဖြစ်၍ နေ၏။ (ပြန်-၃၂၅) (၅-မှတ်)

ဝိနည်းဓိုရ်ပုဂ္ဂိုလ်၏ အင်္ဂါတို့တွင် အစဆုံး(၅)ပါးကား-
၁။ အာပတ်ကို သိခြင်း
၂။ အာပတ်မဟုတ်သည်ကို သိခြင်း
၃။ ပေါ့သောအာပတ်ကို သိခြင်း
၄။ လေးသောအာပတ်ကို သိခြင်း
၅။ သီလရှိ၏၊ ပါတိမောက္ခသံဝရသီလနှင့်ပြည့်စုံသည်ဖြစ်၍ အကျင့်အာစာရ ကျက်စားရာဂေါစရနှင့် ပြည့်စုံ

မေး။၇။ အာဠဝိပြည်၌ ပညတ်တော်မူအပ်သောသိက္ခာပုဒ်တို့ကို ဖော်ပြ၍၊ ထုလ္လစ္စဉ်းအာပတ်ဟုဆိုရာယင်းထုလ္လစ္စဉ်းအာပတ်၏ အဓိပ္ပါယ်ဖွင့်ဆိုချက်ကိုလည်း ဖော်ပြခဲ့ပါ။

ဖြေ။၇။ အာဠဝိပြည်၌ ပညတ်တော်မူအပ်သောသိက္ခာပုဒ်တို့ကား-
ကုဋိကာရသိက္ခာပုဒ်၊ ကောသိယမိဿကသန္ထတသိက္ခာပုဒ်၊ အနုပသမ္ပန္နသဟသေယျသိက္ခာပုဒ်၊ ပထဝီခဏနသိက္ခာပုဒ်၊ ဘူတဂါမသိက္ခာပုဒ်၊ သပ္ပါဏကသိက္ခာပုဒ်-ဟူသော (၆)ပုဒ်တို့ဖြစ်ပါသည်။
(၅-မှတ်) (ပြန်-၃၄၉)

ထုလ္လစ္စဉ်းအာပတ်ဟုဆိုရာ ယင်းထုလ္လစ္စဉ်းအာပတ်၏ အဓိပ္ပါယ်ဖွင့်ဆိုချက်ကား-
အကြင်ရဟန်းသည်လည်း ရဟန်းတစ်ပါး၏အထံ၌ ကြား၏၊ အကြင်ရဟန်းသည်လည်း ထိုအာပတ်ကို ခံ၏၊ ထိုထုလ္လစ္စဉ်းအာပတ်နှင့်တူသောအပြစ်သည်မရှိ ထို့ကြောင့် ထိုအာပတ်ကို ထုလ္လစ္စဉ်းအာပတ်ဟု ခေါ်သည်။ (၅-မှတ်) (ပြန်-၃၅၄)

မေး။၈။ သမ္မုခါဝိနည်း၏ မူလတို့ဟူသည် အဘယ်နည်း? ဖြေဆို၍၊ အဘယ်သို့သောပုဂ္ဂိုလ်ကို ဗာလဗောဒကဟု ဆိုပါသနည်း? ဖြေဆိုခဲ့ပါ။

ဖြေ။၈။ သမ္မုခါဝိနည်း၏ မူလတို့ဟူသည်-
သံဃာ၏မျက်မှောက်ဖြစ်ခြင်း,
ဓမ္မ၏မျက်မှောက်ဖြစ်ခြင်း,
ဝိနည်း၏မျက်မှောက်ဖြစ်ခြင်း,
ပုဂ္ဂိုလ်၏မျက်မှောက်ဖြစ်ခြင်း-ဟူသော ဤလေးပါးတို့တည်း။ (၅-မှတ်) (ပြန်-၃၆၉)
ဗာလဗောဒကပုဂ္ဂိုလ်ဟူသည်-
ရှေ့နောက်စကားကိုမသိ,

ဝိနည်း၏မျက်မှောက်ဖြစ်ခြင်း,
ပုဂ္ဂိုလ်၏မျက်မှောက်ဖြစ်ခြင်း-ဟူသော ဤလေးပါးတို့တည်း။ (၅-မှတ်) (ပြန်-၃၆၉)
ဗာလဗောဒကပုဂ္ဂိုလ်ဟူသည်-
ရှေ့နောက်စကားကိုမသိ,
ရှေ့နောက်စကား၌ မလိမ္မာ,
စေ့စပ်သောစကားကြောင်းကိုမသိ,
စေ့စပ်သောစကားကြောင်း၌လည်း မလိမ္မာ-
ဤသို့သဘောရှိသော ပုဂ္ဂိုလ်ကို ဗာလဗောဒကဟုဆိုအပ်၏။ (၅-မှတ်) (ပြန်-၃၇၅)

မေး။၉၊ ကထိန်ခင်းသည်နှင့်တပြိုင်နက် အဘယ်မျှသောတရားတို့ဖြစ်ကုန်သနည်း? ဖြေဆို၍၊ အဘယ်မျှသောပုဂ္ဂိုလ်တို့အား ကထိန်ခင်းခြင်းတို့သည် မရောက်ကုန်သနည်း? ဖြေဆိုခဲ့ပါ။

ဖြေ။၉၊ ကထိန်ခင်းသည်နှင့်တပြိုင်နက် အဘယ်မျှသောတရားတို့ဖြစ်ကုန်သနည်း-
မာတိကာရှစ်ပါးတို့သည်လည်းကောင်း,
ပလိဗောဓနှစ်ပါးတို့သည်လည်းကောင်း,
အကျိုးအာနိသင်ငါးပါးတို့သည်လည်းကောင်း,
ဤတစ်ဆယ့်ငါးပါးသောတရားတို့သည်ဖြစ်ကုန်၏။ (၅-မှတ်) (ပြန်-၃၉၉)
အဘယ်မျှသောပုဂ္ဂိုလ်တို့အား ကထိန်ခင်းခြင်းတို့သည် မရောက်ကုန်သနည်း-
သိမ်ပြင်ပ၌ တည်လျက် အနုမောဒနာပြုသောပုဂ္ဂိုလ်
အနုမောဒနာပြုသည်ရှိသော် နှုတ်မမြွက်သောပုဂ္ဂိုလ်
နှုတ်မြွက်သည်ရှိသော် သူတစ်ပါးတို့ မကြားသိစေသောပုဂ္ဂိုလ်
ဤပုဂ္ဂိုလ်သုံးယောက်တို့တည်း။ (၅-မှတ်) (ပြန်-၄၀၅)

မေး။၁၀၊ ဝိနည်းကို သင်ယူခြင်း၏ အကျိုးငါးပါးတို့ကို ဥပါလိပဉ္စကလာအတိုင်း တိကျစွာဖော်ပြ၍၊ ရန်ငါးပါးတို့ဟူ သည် အဘယ်နည်း? ဖြေဆိုခဲ့ပါ။

ဖြေ။၁၀၊ ဝိနည်းကို သင်ယူခြင်း၏ အကျိုးတို့ကား-
၁။ မိမိ၏သီလကျေးဇူးကို ကောင်းစွာလုံခြုံစေအပ်,ကောင်းစွာစောင့်ရှောက်အပ်၏။
၂။ ကုက္ကုစ္စနှိပ်စက်သောရဟန်းတို့၏ ကိုးကွယ်ရာဖြစ်၏။
၃။ ရဲရဲရင့်ရင့် သံဃာ့အလယ်၌ ပြောဆို ဆုံးဖြတ်နိုင်၏။
၄။ ရန်သူတို့ကို အကြောင်းနှင့်တကွ ကောင်းစွာနှိမ်နင်းနိုင်၏။

၃။ ကာမဂုဏ်တို့၌ မှားယွင်းစွာကျင့်ခြင်း၊
၄။ မဟုတ်မမှန် ပြောဆိုခြင်း၊
၅။ မူယစ်ကြောင်းဖြစ်သော သေအရက်သောက်ခြင်း။ (၅-မှတ်) (ပြန်-၄၄၁)

ရန်ကုန်မြို့
ဒေါက်တာခင်ခင်ရီ ပရိယတ္တိဖောင်ဒေးရှင်းက ကြီးမှူးကျင်းပသော
ပိဋကသုံးပုံ ပါဠိတော်မြန်မာပြန် စာမေးပွဲ

**အုပ်စု (၁) ဝိနယပိဋက**

**ပရိဝါပါဠိတော် မြန်မာပြန် မေးခွန်း**

၁၃၈၄ - ခုနှစ်၊ နယုန်လပြည့်ကျော် ၁၁ - ရက်၊ (၂၄ - ၆ - ၂၀၂၂) သောကြာနေ့
ခွင့်ပြုချိန်။ ။၄ - နာရီ။ (မွန်းလွဲ ၁း၀၀ နာရီမှ ညနေ ၅း၀၀ နာရီအထိ)

---

၁။ ဘိက္ခုဝိဘင်္ဂ နိဿဂ္ဂိယကဏ္ဍ-လာ ၅-ခုမြောက်, ၁၃-ခုမြောက် သိက္ခာပုဒ်တို့၏ ပညတ်ရာအရပ်, ပုဂ္ဂိုလ်, အကြောင်းဝတ္ထုတို့ကို ဖြေဆို၍၊ ၂၁-ခုမြောက်သိက္ခာပုဒ်၏ အာပတ်ဖြစ်ကြောင်း (အာပတ္တိသမုဋ္ဌာန်) ကိုလည်း ရေးပါ။

၂။ (က) ရေ၌ မြူးထူးပျော်ပါးကစားသော ရဟန်း။
(ခ) ထင်ရှားရှိသောရဟန်းကို မပန်ပြောဘဲ နေလွဲအခါ ရွာထဲသို့ သွားသော ရဟန်း။
(ဂ) ကြက်သွန်ဖြူကို ခဲစားသော ရဟန်းမ-တို့အား သင့်ရောက်သော အာပတ်တို့ကို သင့်ပုံနှင့်တကွ ရေးပါ။

၃။ ကိုယ်လက်နှီးနှောခြင်းသို့ ရောက်ခြင်းတည်းဟူသော အကြောင်းကြောင့် သင့်ရောက်နိုင်သော အာပတ် တို့ကို သင့်ပုံနှင့်တကွ ပြည့်စုံအောင် ဖြေဆိုပါ။

၄။ နိဗ္ဗာန်သည် အတ္တလော? အနတ္တလော? ဆုံးဖြတ်ပြ၍၊ သမုဋ္ဌာန်နည်း ၁၃-ပါးတို့တွင် နောက်ဆုံး ၅-ခုကိုသာ ထုတ်ပြပြီး၊ သဥ္စရိတ္တသိက္ခာပုဒ်နှင့် သမုဋ္ဌာန်တူသော သိက္ခာပုဒ် အရေအတွက်ကို သချာမှု ပြဆိုပါ။

၅။ အန္တရပေယျာလ အဓိကရဏပစ္စယဝါရ-လာ အာပတ္တာဓိကရဏ်းကြောင့် သင့်ရောက်နိုင်သော အာပတ်တို့ကို သင့်ပုံနှင့်တကွ ရေး၍၊ အန္တရပေယျာလ၌ ဟောအပ်သော တရားအချုပ်တွင် နောက်ဆုံး ၂-ခုကိုသာ ဖြေဆိုပါ။

၆။ အဓိကရုဏ်း ၄-ပါးနှင့် သမထ ၇-ပါးကို ဖြစ်သင့်သလို တွဲစပ်ဖော်ပြ၍ (က) နေ့အခါ၌သာ သင့်၍ ညဥ့်အခါ၌ မသင့်သောအာပတ် (ခ) ဆရာဖြစ်သူသာ သင့်၍ တပည့်(အနီးနေတပည့်) မသင့်သော အာပတ်တို့ကို ဖော်ပြပါ။

၇။ အိမ်သို့ ကပ်ရောက်သော (ကုလူပက)ရဟန်းတော်၌ ရနိုင်သော အပြစ် ၅-ပါးကို ဖော်ပြ၍၊ မေတ္တာပွားများရခြင်းအကျိုး ၁၁-မျိုးတွင် နောက်ဆုံး ၃-မျိုးကိုသာ ဖော်ပြပါ။

၈။ မြတ်စွာဘုရားသည် ရဟန်းတို့အား သိက္ခာပုဒ်များကို မြို့အသီးသီး၌ ပညတ်တော်မူရာ ပညတ်ရာ မြို့နှင့် ပညတ်အပ်သော သိက္ခာပုဒ် အရေအတွက်သချာတို့ကို တွဲစပ်ဖော်ပြ၍၊ ဘဂ္ဂတိုင်း၌ ပညတ်အပ်သော သိက္ခာပုဒ်တို့ကို ရေတွက်ပြပါ။

၉။ အရှက်တရား ကင်းမဲ့နေသော (အလဇ္ဇီ) ပုဂ္ဂိုလ်၏ အမှတ်အသား (လက္ခဏာ) ၃-ခုကို ဖော်ပြ၍၊ အဓမ္မစောဒက (တရားမဲ့ စောဒနာသူ)ဟူသည် အဘယ်နည်း? ဖြေဆိုပါ။

၁၀။ ဥပါလိပဥ္စက ခုတင်္ဂဝဂ်လာ ခုတင် ၁၃-ပါးအမည်တို့ကို ဖော်ပြ၍၊ ယင်းခုတင်များ ဆောက်တည်ရခြင်း အကြောင်းတို့တွင် ရှေ့ဆုံး ၂-ချက်ကိုသာ ရေးပါ။

**တစ်ပုဒ်စာလျှင် (၁၀)မှတ်စီ**

# ပရိဝါပါဠိတော် မေးခွန်းအဖြေများ

၁။ ဘိက္ခုဝိဘင် နိဿဂ္ဂိယကဏ္ဍ-လာ ၅-ခုမြောက်သိက္ခာပုဒ်ကို

ရာဇဂြိုဟ်မြို့၌, အရှင်ဥဒါယီကို အကြောင်းပြု၍, အရှင်ဥဒါယီ၏ ဆွေမျိုးမတော်သော ဘိက္ခုနီမ၏ လက်မှ သင်္ကန်းကို ခံယူခြင်းဟူသော အကြောင်းဝတ္ထုကြောင့် ပညတ်။ (ဝိ၊၅။၁၅။)

၁၃-ခုမြောက်သိက္ခာပုဒ်ကို သာဝတ္ထိမြို့၌, ဆဗ္ဗဂ္ဂီရဟန်းတို့ကို အကြောင်းပြု၍, ဆဗ္ဗဂ္ဂီရဟန်းတို့၏ သိုးမွေးအဖြူကို အစွန်အဖျား၌ အနည်းငယ်မျှသာ ယူ၍ ထိုရှေးနည်းအတူ အမည်းသက်သက်ဖြစ်သော သိုးမွေးအခင်းကို ပြုလုပ်စေကြခြင်းဟူသော အကြောင်းဝတ္ထု။ (ဝိ၊၅။၁၇။)

၂၁-မြောက်သိက္ခာပုဒ်၏ အာပတ်ဖြစ်ကြောင်း (အာပတ္တိသမုဋ္ဌာန်)-

(၁) ကာယဝါစာသမုဋ္ဌာန် (ကိုယ် နှုတ်ကြောင့် ဖြစ်)။

(၂) ကာယဝါစာစိတ္တသမုဋ္ဌာန် (ကိုယ် နှုတ် စိတ်ကြောင့် ဖြစ်)။ (ဝိ၊၅။၁၉။)

---

၂။ (က) ဖမျက်မနစ်မြုပ်သောရေ၌ ကစားအံ့ ဒုက္ကဋ်အာပတ်။
ဖမျက်နစ်မြုပ်သောရေ၌ ကစားအံ့ ပါစိတ်အာပတ်။ (ဝိ၊၅။၆၇။)

(ခ) ထင်ရှားရှိသောရဟန်းကို မပန်ကြားဘဲ ရွာထဲသို့ ဝင်သော ရဟန်းသည်
ပထမခြေလှမ်းကို လွန်စေအံ့ ဒုက္ကဋ်အာပတ်၊
ဒုတိယခြေလှမ်းကို အရံအတားကို လွန်စေအံ့ ပါစိတ်အာပတ်။ (ဝိ၊၅။၇၁။)

(ဂ) ကြက်သွန်ဖြူကို ခဲစားသော ရဟန်းမသည် "ခဲစားအံ့"ဟု ကြံ၍ ခံယူအံ့ ဒုက္ကဋ်အာပတ်၊
စားမျိုတိုင်း စားမျိုတိုင်း ပါစိတ်အာပတ်သင့်ပါသည်။ (ဝိ၊၅။၁၃၀။)

---

၃။ (၁) ကိလေသာ စိုစွတ်သော ရဟန်းမိန်းမသည် ကိလေသာစိုစွတ်နေသော ယောကျ်ားပုဂ္ဂိုလ်၏ ညှပ်ရိုးနှစ်ဖက်၏ အောက်, ပုဆစ်ဒူးဝန်းနှစ်ဖက်၏ အထက်၌ ကိုင်ခြင်းကို သာယာအံ့ ပါရာဇိက အာပတ်သင့်၏။

(၂) ရဟန်းသည် မိမိကိုယ်ဖြင့် မိန်းမ၏ ကိုယ်ကို သုံးသပ်အံ့- သံဃာဒိသိသ်အာပတ်သင့်၏။

(၃) ရဟန်း၏ ကိုယ်ဖြင့် မိန်းမ၏ ကိုယ်နှင့်စပ်သော လုံချည်စသော ဝတ္ထုကို သုံးသပ်အံ့- ထုလ္လစ္စည်း အာပတ်သင့်၏

(၄) ရဟန်း၏ ကိုယ်နှင့်စပ်သော ဝတ္ထုဖြင့် မိန်မး၏ ကိုယ်နှင့်စပ်သော ဝတ္ထုကို သုံးသပ်အံ့- ဒုက္ကဋ် အာပတ်သင့်၏။

(၅) ကလိထိုး၍ ကစားအံ့ ပါစိတ်အာပတ်သင့်၏။ (ဝိ၊၅။၉၀။)

---

၄။ နိဗ္ဗာန်သည် အတ္တလော? အနတ္တလော? = နိဗ္ဗာန်သည် အနတ္တ ဖြစ်ပါသည်။ (ဝိ၊၅။၁၅၇။)

သမုဋ္ဌာန်နည်း ၁၃-ပါးတို့တွင် နောက်ဆုံး ၅-ခု-

(၁) အဒ္ဓါနသမုဋ္ဌာန် (၂) ထေယျသတ္တသမုဋ္ဌာန် (၃) ဓမ္မဒေသနာသမုဋ္ဌာန်

(၄) စောရီဝုဋ္ဌာပနသမုဋ္ဌာန် (၅) အနနုညာတသမုဋ္ဌာန်။

သင်္ချာ= ၄၉။ (ဝိ၊၅။၁၅၉။)

၅။ အန္တရပေယျာလ အဓိကရဏပစ္စယဝါရ-လာ အာပတ္တာဓိကရဏ်းကြောင့် သင့်ရောက်နိုင်သော အာပတ်နှင့် သင့်ပုံ-

(၁) ရဟန်းမိန်းမသည် သိလျက် ပါရာဇိကအာပတ်ကို ဖုံးထားအံ့ ပါရာဇိကအာပတ်သင့်၏။

(၂) ဇဝေဇဝါ (ယုံမှားမှု) ဖြစ်လျက် ဖုံးထားအံ့ ထုလ္လစ္စည်းအာပတ်သင့်၏။

(၃) ရဟန်းယောက်ျားသည် သံဃာဒိသိသ်အာပတ်ကို ဖုံးထားအံ့ ပါစိတ်အာပတ်သင့်၏။

(၄) အကျင့်ပျက်စီးခြင်း (အာစာရဝိပတ္တိ)ကို ဖုံးထားအံ့ ဒုက္ကဋ်အာပတ်သင့်၏။ (ဝိ၊၅။၁၈၀။)

အန္တရပေယျာလ၌ ဟောအပ်သော တရားအချုပ်တွင် နောက်ဆုံး ၂-ခု-

(၁) ဝိပတ္တိပစ္စယဝါရ (၂) အဓိကရဏပစ္စယဝါရ။ (ဝိ၊၅။၁၈၂။)

---

၆။ အဓိကရဏ်း ၄-ပါးနှင့် သမထ ၇-ပါး တွဲစပ်ပုံ-

(၁) ဝိဝါဒါဓိကရဏ်းနှင့် သမ္မုခါဝိနယသမထ ယေဘုယျသိကာသမထ။

(၂) အနုဝါဒါဓိကရဏ်းနှင့် သမ္မုခါဝိနယသမထ သတိဝိနယသမထ အမူဠ္ဌဝိနယသမထ တဿပါပိယသိကာသမထ။

(၃) အာပတ္တာဓိကရဏ်းနှင့် သမ္မုခါဝိနယသမထ ပဋိညာတကရဏသမထ တိဏဝတ္ထာရကသမထ။

(၄) ကိစ္စာဓိကရဏ်းနှင့် သမ္မုခါဝိနယသမထ။ (ဝိ၊၅။၁၉၅။)

(က)ဒွါရံ အသံဝရိတွာ ပဋိသလ္လီယနအာပတ်။ (ဝိ၊၅။၂၁၃။)

(ခ) အာစရိယဝတ္တအကရဏအာပတ်။ (ဝိ၊၅။၂၂၇။)

---

၇။ အိမ်သို့ ကပ်ရောက်သော (ကုလူပက)ရဟန်းတော်၌ ရနိုင်သော အပြစ် ၅-ပါး-

(၁) အနာမန္တစာရသိက္ခာပုဒ်၌ ဟောအပ်သော အာပတ်သို့ သင့်ရောက်ခြင်း။

(၂) ရဟောနိသဇ္ဇသိက္ခာပုဒ်၌ ဟောအပ်သော အာပတ်သို့ သင့်ရောက်ခြင်း။

(၃) ပဋိစ္ဆန္နာသနသိက္ခာပုဒ်၌ ဟောအပ်သော အာပတ်သို့ သင့်ရောက်ခြင်း။

(၄) မိန်းမအား ၆-ပုဒ် ၅-ပုဒ်ထက်အလွန် တရားဟောသည်ဖြစ်၍ အာပတ်သင့်ရောက်ခြင်း။

(၅) ကာမဂုဏ်အကြံအစည်များသည်ဖြစ်၍ နေခြင်း။ (ဝိ၊၅။၂၃၅။)

မေတ္တာပွားကျိုး နောက်ဆုံး ၃-မျိုး-

(၁) မျက်နှာအဆင်း ကြည်လင်သန့်ရှင်ခြင်း။ (၂) မတွေမဝေ သေရခြင်း။

(၃) မေတ္တာစျာန်ထက်လွန်သော အရဟတ္တဖိုလ်ကို ထိုးထွင်းမသိသေးလတ်သော် ဗြဟ္မာ့ပြည်သို့ ကပ်ရောက်ရခြင်း။ (ဝိ၊၅။၂၄၉။)

---

၈။ သိက္ခာပုဒ် ပညတ်ရာမြို့နှင့် ပညတ်အပ်သော သိက္ခာပုဒ် အရေအတွက်သချ်ာ-

(၁) ဝေသာလီမြို့၌ ၁၀။
(၂) ရာဇဂြိုဟ်မြို့၌ ၂၁။
(၃) သာဝတ္ထိမြို့၌ ၂၉၄။
(၄) အာဠဝီမြို့၌ ၆။
(၅) ကောသမ္ဗီမြို့၌ ၈။
(၆) သက္ကတိုင်း၌ ၈။
(၇) ဘဂ္ဂတိုင်း၌ ၃။

ဘဂ္ဂတိုင်း၌ ပညတ်အပ်သော သိက္ခာပုဒ် ၃-ပုဒ်

(၁) ကောင်းစွာ ဆောက်တည်၍ ချုပ်အပ်သော ဝိသိဗ္ဗနသိက္ခာပုဒ်။
(၂) သာမိသဟတ္ထသိက္ခာပုဒ် (၃) သသိတ္ထကသိက္ခာပုဒ်။ (ဝိ၊၅။၂၅၆။)

---

၉။ အရှက်တရား ကင်းမဲ့နေသော(အလဇ္ဇီ)ပုဂ္ဂိုလ်၏ အမှတ်အသား (လက္ခဏာ) ၃-ခု

(၁) စေတနာနှင့် အာပတ်သို့ သင့်ရောက်ခြင်း။
(၂) သင့်ရောက်ထားသော အာပတ်ကို ဖုံးအုပ်ထားခြင်း။
(၃) အဂတိလိုက်ခြင်း (မရောက်ထိုက်သော အရာသို့ လာရောက်ခြင်း)။ (ဝိ၊၅။၂၇၉။)

အဓမ္မစောဒကဟူသည်-

(၁) (သံဃာ့အလယ်စသော) မလျောက်ပတ်သောအခါ၌ စောဒနာသူ။
(၂) မဟုတ်မမှန် စောဒနာသူ။
(၃) ကြမ်းတမ်းသဖြင့် စောဒနာသူ။
(၄) အကျိုးစီးပွားနှင့် မစပ်ဘဲ စောဒနာသူ။
(၅) ဒေါသစိတ်ရှိလျက် စောဒနာသူ။ (ဝိ၊၅။၂၈၀။)

---

၁၀။ ဓုတင် ၁၃-ပါး

(၁) အာရကင်ဓုတင် (၂) ပိဏ္ဍပါတ်ဓုတင် (၃) ပံသုကူဓုတင်
(၄) ရုက္ခမူဓုတင် (၅) သုသာန်ဓုတင်
(၆) လွင်တီးခေါင်၌ ဆောက်တည်အပ်သော (အဗ္ဘောကာသိက)ဓုတင်
(၇) တိစီဝရိတ်ဓုတင် (၈) အိမ်စဉ် ဆွမ်းခံကြရသော (သပဒါနစာရိက)ဓုတင်
(၉) ထိုင်နေခြင်းကို ဆောက်တည်သော (နိသဇ်)ဓုတင် (၁၀) ယထာသန္ထတိဓုတင်
(၁၁) တနေရာတည်း၌သာ စားသောက်ရသော (ဧကာသနိက်)ဓုတင်
(၁၂) ခလုပစ္ဆာဘတ္တိကဓုတင် (၁၃) ပတ္တပိုဏ်ဓုတင်။ (ဝိ၊၅။၃၃၅-၆။)

ဓုတင်ဆောက်တည်ရခြင်းအကြောင်းတို့တွင် ရှေ့ဆုံး ၂-ချက်-

(၁) ပညာနံ့သည်၏အဖြစ် မိုက်မဲတွေဝေသည်၏အဖြစ်ကြောင့် ပတ္တပိုဏ်ဓုတင် ဆောက်တည်၏။
(၂) ယုတ်မာသော အလိုရှိသည် အလိုဆိုး နှိပ်စက်အပ်သည်ဖြစ်၍ ပတ္တပိုဏ်ဓုတင် ဆောက်တည်၏။

(ဝိ၊၅။၃၃၆။)

---

# လူတော်.လူကောင်းတို့ မနေသင့်တဲ့အရပ်

✍✍✍✍✍✍✍✍✍✍✍✍✍✍✍✍✍✍

၁။ပညာရှင်အား မလေးစား ရှောင်ရှားထိုနေရာ။

၂။ပညာရှင်အား ရှုတ်ချငြား ရှောင်ရှားထိုနေရာ။

၃။ယုတ်မာဆိုးဝါး ပုဂ္ဂိုလ်အား မြှောက်စားတဲ့နေရာ။

၄။တော်ညံ့နှစ်ပါး တန်းတူထား မြှောက်စားတဲ့နေရာ။

၅။သူတော်သူမြတ် မချစ်တတ် စွန့်အပ်လေးဌာနာ။

( ဇာတကပါဠိ.ပ.၁၄၀.နေရှုဇာတ်)

✍စစ်ကိုင်း.မြစကြာ ဆရာတော်✍

🙏S.L.V.S.L.K.R(Y.S.O)🙏